ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (24-8-2006) (၅၀၅၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ယူကရိန်းသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၆ ခုနှစ် ဩဂုတ် ၂၄ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗစ်တာ၊ ယူရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စိတ်ဓာတ်ကောင်းကောင်း ဇွဲကောင်းကောင်းဖြင့် တပ်မတော်သားများပီပီ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့်ယှဉ်ပြိုင် နိုင်ငံနှင့် တပ်မတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ရန်လို

ရန်ကုန် ဩဂုတ် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် Singapore Army Half Marathon-2006 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမ၌ တွေ့ဆုံအားပေးပြီး အမှာစကားပြောကြားသည်။

တွေ့ဆုံအမှာစကားပြောကြားရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုသွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့သည် နိုင်ငံတော်နှင့် တပ်မတော်ကိုကိုယ်စားပြု၍ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ အားကစားသမားများဖြစ်အောင်၊ ဇွဲ၊ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်စွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းယှဉ်ပြိုင်ကြစေလိုကြောင်း။

လေ့ကျင့်မှုအပိုင်းအနေနှင့် မိမိနိုင်ငံ၌ရှိစဉ်ကပင် အပြည့်အဝလေ့ကျင့်ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ပြိုင်ပွဲမစတင်မီအထိ လေ့ကျင့်သွားရန်လိုကြောင်း၊ ပြိုင်ပွဲတွင်လည်း စိတ်ဓာတ်ကောင်းကောင်း ဇွဲကောင်းကောင်းဖြင့် တပ်မတော်သားများပီပီ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ရန်လိုကြောင်းဖြင့် အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း ဦးဆောင်သည့် အားကစားသမား ၁၄ဦးပါဝင်သည့် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင်သော တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် Singapore Army Half Marathon-2006 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၈-၂၀၀၆)

နေပြည်တော်	၀	ဒသမ	၁၂	လက်မ
ပူတာအို	၂	ဒသမ	၉၁	လက်မ
ခန္တီး	၂	ဒသမ	၄၈	လက်မ
မော်လမြိုင်	၂	ဒသမ	၄၄	လက်မ
သံတွဲ	၂	ဒသမ	၂၈	လက်မ
မြိတ်	၁	ဒသမ	၇၇	လက်မ
ချောက်	၀	ဒသမ	၅၁	လက်မ

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ *နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားများဖြင့် လမ်းသစ်၊ တံတားသစ်များစွာကို ပြည်ထောင်စုတစ်ဝန်း လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ နမ္မတီးတံတား(ကံလှ) အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၈ စင်း ရှိနေပြီဖြစ်သည်။*

(ခေါင်းကြီး) စာမျက်နှာ-၂

❐ *နိုင်ငံသားတိုင်းအတွက် နိုင်ငံတော်၏ ကျေးဇူးတရားဟူသည်ရှိသည်။ ဤမြေမှာမွေး၊ ဤရေကိုသောက်၊ ဤမြေမှ အသီးအပွင့်များကို စားသုံးပြီး ရှင်သန်ကြီးပြင်းလာသည့် သူတိုင်းသည် ကိုယ့်ရေကိုယ့်မြေကို တန်ဖိုးထားရမည်။*

ခင်ခင်ကျော်(ပညာရေး)၏ **"တန်ဖိုးသိအိုသိ"** (ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၈-၂၀၀၆
(ကြာသပတေးနေ့)

တည်ငြိမ်အေးချမ်းမှု၏အကျိုးရလဒ် လုံခြုံချောမွေ့စွာ ကူးသန်းဆက်သွယ် သွားလာနိုင်ပြီ

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းတွင်တည်ရှိပြီး သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခု ဖြစ်သည်။ ယခင်ကာလက နယ်မြေဒေသ အေးချမ်းသာယာမှုမရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ အဘက်ဘက်က နောက်ကျခဲ့ရသည်။

ယခုအခါ ပြည်နယ်အတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်နှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်သည်။ နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ကချင်ပြည်နယ်သည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ယခင်က မြစ်ကြီးနားမှ ပူတာအိုသို့ လေယာဉ်လမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးသွားလာခဲ့ကြရာမှ ယခုအခါ မော်တော်ယာဉ်များဖြင့် ကုန်စည်တင်ပို့ဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။ ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ နမ့်မြစ်ခ၊ မလိယန်၊ နန်ဆန်ယန်၊ မိုးလဲ၊ တာပိန်နှင့် ဒဘတ်ချောင်းတံတားတို့ကို တည်ဆောက်ပေးခဲ့ရာ ရာသီမရွေး လျင်မြန်ချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

မိုးကောင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းရှိ နမ္မတီးချောင်းကို ဖြတ်ကျော် တည်ဆောက်ပြီးစီးသွားသည့် နမ္မတီးတံတား(ကံလှ)ကို ဩဂုတ်လ ၂၂ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ အဆိုပါတံတားမှာ အရှည် ပေ ၂၈၀ ရှိသည့် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိသည်။

နမ္မတီးတံတား(ကံလှ)သည် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် ပေ ၁၈၀ အထက် ၁၉၈ စင်းမြောက် တံတားကြီးဖြစ်သည့်အပြင် ကချင်ပြည်နယ်၏ ၁၄ စင်းမြောက် ဖွင့်လှစ်နိုင်သည့် တံတားကြီးတစ်စင်းလည်းဖြစ်သည်။

နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားများဖြင့် လမ်းသစ်၊ တံတားသစ်များစွာကို ပြည်ထောင်စုတစ်ဝန်း လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ နမ္မတီးတံတား (ကံလှ)အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၈ စင်းရှိနေပြီဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းရေး၏ အကျိုးရလဒ်များ ဖြစ်ထွန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေးများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက် ကပ်လျက်တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်မိဘများနှင့် ဦးကျော်ညွန့်အား ရည်စူး၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း-ရေနံ့ရိပ်သာနေ ဒေါ်သန်းသန်းစိန် မိသားစုက အလှူတော်ငွေ ကျပ် တစ်သိန်းကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ဆိပ်ကမ်းကုန်တင်၊ ကုန်ချလုပ်ငန်းများနှင့် ကုန်တင်(အမြန်)ရေယာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၂ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အမှတ်(၃) ဗိုလ်အောင်ကျော် ကုန်သေတ္တာတံတားသို့ သွားရောက်၍ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် စစ်တွေသင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်/ချ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက ဆိပ်ကမ်းကုန်တင်၊ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃) ဗိုလ်အောင်ကျော် ကုန်သေတ္တာတံတားအတွင်းရှိ ကုန်သေတ္တာများကို X-RAY စက်ဖြင့် စစ်ဆေးခြင်း၊ ကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမြစ်ဝကျွန်းပေါ်ဌာနခွဲရုံးသို့ ရောက်ရှိပြီး မြစ်ဝကျွန်းပေါ်ဌာနခွဲ ကိုင်းတန်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ရန်ကုန်မြို့မှ လပွတ္တာမြို့သို့ ထွက်ခွာမည့် ရန်ကုန်-လပွတ္တာ-ဝေပုလ္လ ကုန်တင်(အမြန်) ရေယာဉ်ပေါ်သို့ သွားရောက်ပြီး ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ထားရှိမှုနှင့် ကုန်ပစ္စည်းများရေယာဉ်ပေါ်သို့ တင်ဆောင်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ဝေပုလ္လ ကုန်တင်(အမြန်)ရေယာဉ် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသွားသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိ အေးရှားဝေါလ် ကုန်သေတ္တာ ဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက ဆိပ်ကမ်း၌ ကုန်သေတ္တာများထားရှိမှု၊ စက်ယန္တရားများဖြင့် ကုန်တင်ကုန်ချလုပ်ငန်းမှ ဆောင်ရွက်မှု အခြေအနေ၊ ဆိပ်ကမ်းဝန်းကျင်ရေလမ်းကြောင်း အခြေအနေ၊ သင်္ဘောကြီးများ ဝင်/ထွက် ဆိုက်ကပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ကမ်းအတွင်းရှိ ကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးမှု အခြေအနေ၊ MV VASCO°DA°GA°MAကုန်သေတ္တာတင် သင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်/ချပြုလုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ X-RAY စက်ဖြင့် ကုန်သေတ္တာများ စစ်ဆေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက် မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမှတ်(၃) ဗိုလ်အောင်ကျော်တံတားတွင် ဆိုက်ကပ်ထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် စစ်တွေသင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်/ချ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
သက္ကပဥှသုတ္တန် တရားတော်စာအုပ် ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၃

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရလွန်ခဲ့သော ၂၅ နှစ်က ဟောကြားတော်မူခဲ့သော (တရားပွဲငါးပွဲပေါင်းစု) သက္ကပဥှသုတ္တန် တရား တော်စာအုပ်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာနက ပုံနှိပ်ထုတ်ဝေသည်။

သိကြားမင်း၏ အမေး ၁၄ ချက်နှင့် ဗုဒ္ဓ၏ အဖြေ ၁၄ ချက်ကို ဆရာတော်က နိဒါန်းမှစ၍ အကျယ်တဝင့် အဋ္ဌကထာ ဋီကာ အခြားသက်ဆိုင်ရာ ပါဠိတော်များနှင့်ညှိ၍ ဟောကြားထားပါကြောင်းနှင့် ထိုစာအုပ်ကို စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ဖုန်း-၀၇၂-၂၁၆၁၁၊ မန္တလေးမြို့၊ ၈၄ လမ်း၊ ဖုန်း-၀၂-၃၉၂၂၁၊ ရန်ကုန်မြို့ ဓမ္မတေးဝိဇ္ဇာ ဖုန်း-၀၁-၂၀၀၆၁၈နှင့်ဆင်းဘရားသားဆေးဆိုင် ဖုန်း -၀၁-၂၄၁၀၉၁ တို့တွင် ဆက်သွယ် ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၂၅	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၃၀	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်" (အပိုင်း-၁၀)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း-၄)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

တန်ဖိုးသိအိုရီ

ခင်ခင်ကျော်(ပညာရေး)

စာရေးသူသည် အိမ်တွင်ဆပ်ပြာဘူးခွံ၊ ခြင်ဆေးဘူးခွံ၊ သွားတိုက်ဆေးဘူးခွံစသည့် စက္ကူဘူးခွံများကို အမှိုက်ခြင်းထဲမထည့်ဘဲ စုပြီးသိမ်းထားတတ်သည်။ အမှိုက်ခြင်းထဲပစ်လိုက်၍ အကျိုးမရှိ၊ မီးမွှေးနိုင်ခြင်းသည် ၎င်းတို့၏ အသုံးဝင်မှုတန်ဖိုးပင်ဖြစ်သည်။ ယခုအခါ စွန့်ပစ်ပစ္စည်းများကို တစ်ကျော့ပြန် အသုံးပြုနိုင်အောင် တီထွင်ထုတ်လုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုကာကွယ်လျက်ရှိသည်။ စွန့်ပစ်ပစ္စည်းသည်ပင် ပြန်လည်မွမ်းမံလိုက်ခြင်းဖြင့် တစ်ဖန်အသုံးဝင်၊ အသုံးပြုနိုင်သော အခြေအနေသို့ ပြန်လည်ရောက်ရှိလာရသည်။ အမှိုက်ထဲက ရွှေဟုဆိုရအောင် တစ်ခါက နိုင်ငံတကာသတင်းဂျာနယ်ထဲ၌ ဖတ်ဖူးသည့်သတင်းတစ်ပုဒ်ကို ဖော်ပြလိုသည်။ လူငယ်တစ်ဦးက အမှိုက်ပုံထဲမှ ပစ္စည်းအတိုအစများကို စုပေါင်းစပ်ပေါင်း၍ စက်ရုပ်များလုပ်ကာ ပြန်ရောင်းသည့် သတင်းဖြစ်သည်။ သူ၏တီထွင်ဖန်တီးမှု အနုပညာလက်ရာကြောင့် အမှိုက်သည် ရွှေဖြစ်သွားခြင်းပင်။

ရုပ်ဝတ္ထုပစ္စည်းများ၌ သူ့အတိုင်းအတာနှင့်သူ အသုံးဝင် အသုံးတည့်သည့် တန်ဖိုးရှိသကဲ့သို့ မေတ္တာ၊ စေတနာတို့ဖြင့် ရစ်ဖွဲ့ထားသော လူမှုအဖွဲ့အစည်းအတွင်း၌ စေတနာ၊ မေတ္တာ၊ ကိုယ်ကျင့်တရားတန်ဖိုး အတိုင်းအဆများ ရှိပေသည်။ **မိဘ၊ ဆရာသမား၊ မိတ်ဆွေကောင်းတို့၏ မေတ္တာ၊ စေတနာတန်ဖိုးသည် တိုင်းတာပိုင်းဖြတ်၍ မရအောင် တန်ဖိုးကြီးလှသည်။ လူကြီးမိဘဆရာသမားတို့၏ မေတ္တာ၊ စေတနာတန်ဖိုးကို နားလည်သောသူတို့သည် ကြီးပွားချမ်းသာရစမြဲပင်။ ခံယူသူက တန်ဖိုးထားတတ်၊ တန်ဖိုးနားလည်ဖို့လိုသည်။** အချို့လူငယ်များ စေတနာ၊ မေတ္တာကို စော်ကားမိ၍ နောင်တရကြရသည်။ ဤသည်မှာ လူကြီးမိဘတို့၏ စေတနာ၊ မေတ္တာတန်ဖိုးကို နားမလည်မှုပင်ဖြစ်သည်။ ဤသို့ပင် မိတ်ဆွေကောင်းကို တန်ဖိုးမထားတတ်မှုကြောင့် မိတ်ဆွေကောင်း ဆုံးရှုံးရသူများလည်း ဤလောကတွင် ရှိကြသည်။ တန်ဖိုးသိမှ အမှန်အကျိုးရှိဆိုသကဲ့သို့ တန်ဖိုးနားလည်သူ၊ ခံယူတတ်သူအဖို့ ကြီးမားသော အကျိုးတရားကို ရရှိပေသည်။ ကြီးပွားချမ်းသာခြင်းအကြောင်းတွင် မိတ်ဆွေကောင်း၏ အထောက်အပံ့သည် လွန်စွာအရေးပါပေသည်။ မိဘကောင်း၊ ဆရာကောင်း၊ မိတ်ဆွေကောင်းတို့၏ တန်ဖိုးကို ယနေ့လူငယ်များ နားလည်ခံယူတတ်ဖို့လိုသည်။ အချို့မိသားစုတွင် အစ်ကိုကြီး၊ အစ်မကြီးများသည် အဖအရာ၊ အမိအရာ၌ရှိကြသူများပီပီ ကိုယ်ကျိုးစွန့် အနစ်နာခံရင်း မောင်ညီမငယ်များကို ပြုစုစောင့်ရှောက်ခဲ့ကြသည်။ ထိုသူတို့၏ မေတ္တာ၊ စေတနာတန်ဖိုးသည်လည်း ကြီးမားမြင့်မြတ်လှသည်။ ခံယူသူ မောင်ညီမငယ်တို့က တန်ဖိုးထားတတ်ဖို့လိုသည်။ တန်ဖိုးသိမှလည်း ကျေးဇူးတရားဆိုသည်ကို သိမြင်ပြီး တုံ့ပြန်ပေးဆပ်နိုင်ပေမည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်သည်ဖြစ်ရာ ကျေးဇူးတရား၏ တန်ဖိုးကို အလေးအမြတ်ပြုစမြဲဖြစ်သည်။ ကျေးဇူး၏တန်ဖိုးကို နားလည်သူသည် မည်သည့်အခါမှ မတိမ်ကောနိုင်ပါ။ ကြီးပွားချမ်းသာရစမြဲပင်ဖြစ်သည်။ နိုင်ငံသားတိုင်းအတွက် နိုင်ငံတော်၏ ကျေးဇူးတရားဟူသည် ရှိသည်။ ဤမြေမှာ မွေး၊ ဤရေကို သောက်၊ ဤမြေမှ အသီးအပွင့်များကို စားသုံးပြီး ရှင်သန်ကြီးပြင်းလာသည့်သူတိုင်းသည် ကိုယ့်ရေ၊ ကိုယ့်မြေကို တန်ဖိုးထားရမည်။ ကျေးဇူးသိရမည်။ ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့သော ပုဂ္ဂိုလ်များမှသည် ယနေ့တိုင် အမျိုးဘာသာ သာသနာနှင့်တကွ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အဘက်ဘက် ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာအေးချမ်းအောင်ကိုယ်ကျိုးမငဲ့ ဆောင်ရွက်ခဲ့ကြသူများ၏ တန်ဖိုးတရား၊ ကျေးဇူးတရားများကို ကောင်းစွာသိရှိပြီး မိမိတစ်နိုင်တစ်ပိုင် ကျေးဇူးတုံ့ပြန်ဖို့လိုသည်။ အမေကျော် ဒွေးတော်လွမ်းခြင်းသည် အမေ့တန်ဖိုးကို နားမလည်သူ၊ ကျေးဇူးကန်းသူသာဖြစ်သည်။

စာတစ်လုံး ဘုရားတစ်ဆူဆိုသည့်အတိုင်း မြန်မာစာပေနှင့်တကွ မြန်မာစာပေကို စည်ပင်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ခဲ့သူတို့၏ တန်ဖိုးသည် ကြီးကျယ်မြင့်မြတ်လှသည်။ စာရေးသူသည် မြန်မာစာ သင်ကြားနေသော ဆရာမဖြစ်သည်နှင့်အညီ စာသင်တိုင်း စာရေးတိုင်း ပါဠိ၊ သက္ကတမှအစ မြန်မာစာကို ကျေးဇူးပြုခဲ့သူပုဂ္ဂိုလ်တို့၏ ကြီးမြတ်သော တန်ဖိုးနှင့် ကျေးဇူးတရားကို ရှိခိုးကန်တော့မြဲဖြစ်သည်။ တပည့်ကျောင်းသူများဆိုလျှင် စာရွက်တစ်ရွက် အောက်ကျသွားလျှင်ပင် ပြန်ကောက်၍ နဖူးနှင့်ထိကာ ရှိခိုးကန်တော့တတ်အောင် သင်ပေးထားသည်။ အခါအားလျော်စွာလည်း စာပေကို ရိုသေလေးစားပြီး တန်ဖိုးထားတတ်အောင် ပြောပြရပါသည်။ စာပေကို ရိုသေလေးစား၍ တန်ဖိုးထားတတ်ခြင်းဖြင့် စာပေကလည်း မိမိကိုပြန်လည်စောင့်ရှောက်ပါသည်။ ကျားဘမ်းပရုတ်ဆီလုပ်ငန်းဖြင့် ကြီးပွားချမ်းသာလာခဲ့သော ကျားသူဌေးသည် သူ့ဘဝချို့တဲ့စဉ်က ဝမ်းစာရှာရာတွင် အသုံးပြုခဲ့သည့် သမ္ဗန်မှ လှော်တက်ကို ချမ်းသာလာသည့်အခါ ရွှေချထားသည်ဟု ငယ်စဉ်က အဘိုးအဘွားများ ပြောပြဖူးသည်ကို မှတ်မိနေသည်။ မိမိ အလုပ်ကို ရိုသေ၍ တန်ဖိုးထားခြင်းသည် ကောင်းကျိုးချမ်းသာကို ဖြစ်စေသည်။

မကျန်းမမာဖြစ်သည့်အခါမှ ကျန်းမာခြင်းတန်ဖိုးကို သိရသည်။ အာရောဂျံ ပရမံလာဘံ–ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာရေးနှင့်ပြည့်စုံရန် မိမိကိုယ်ကိုတန်ဖိုးထား၍ ထိန်းသိမ်း စောင့်ရှောက်ရမည်။ မျက်မှောက်ကာလ ကမ္ဘာကြီးတွင် ရောဂါဆန်းတွေ ထူပြောလှသည်။ ကုရာနတ္ထိ ဆေးမရှိသည့် အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာကို ခြိမ်းခြောက်လျက်ရှိသည်။ ခုခံအားကျဆင်းမှုရောဂါကြောင့် ကမ္ဘာပေါ်တွင် လူသန်းပေါင်း၄၂သန်းခန့် သေဆုံးခဲ့ပြီဖြစ်သည်။ ကြိုတင်ကာကွယ်နည်းများတွင် လူတိုင်းသည် မိမိကိုယ်ကျင့်တရားကို တန်ဖိုးထားမှုသည် အရေးကြီးသော အချက်တစ်ရပ်ဖြစ်သည်။ မိမိကိုယ်ကို တန်ဖိုးမထားဘဲ စိတ်ကိုအလိုလိုက်၍ အပျော်အပါးလိုက်စားလျှင် အေအိုင်ဒီအက်စ် သားကောင်ဘဝသို့ ကျရောက်ရပေမည်။ ဆေးလိပ်ကြောင့် ကမ္ဘာတွင် နှစ်စဉ်လူငါးသန်းသေဆုံးလျက်ရှိသည်။ အရက်ကြောင့် နှစ်စဉ် လူခုနစ်သန်း သေဆုံးနေကြသည်။ မိမိကျန်းမာရေးကို မိမိကိုယ်တိုင် ဥစ္စာရင်လို ဥစ္စာရင်ခဲ တန်ဖိုးထားစောင့်ရှောက်မှသာ အသက်ရှည်အနာမဲ့ ရောဂါကင်း၍ လူ့ဘောင်ကောင်းကျိုးကို သယ်ပိုးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် မိမိကျန်းမာရေးကို တန်ဖိုးထား၍ စောင့်ရှောက်ရပေမည်။

အချုပ်အားဖြင့် တင်ပြရသော် **လောကရှိ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရာရာတွင် တန်ဖိုးများရှိကြသည်။ ခံယူသူ၊ သုံးစွဲသူတို့သည် မိမိခံယူသုံးစွဲသည့်အရာ၏ တန်ဖိုးကိုသိဖို့လိုသည်။ တန်ဖိုးရှိသော အရာကို တန်ဖိုးထားတတ်ဖို့၊ ရိုသေလေးစားဖို့လိုသည်။ ပြက်ရယ် မပြုသင့်၊ မျက်ကွယ် မပြုသင့်၊ ကျောမခိုင်းသင့်၊ ဥပေက္ခာမပြုသင့်ပါ။ သူ့နေရာနှင့်သူ အသုံးတည့်အောင်၊ အသုံးကျအောင် ခံယူသုံးစွဲ၊ ကျင့်ဆောင်နိုင်ခြင်းဖြင့် ကြီးမားသောအကျိုးတရားနှင့် အောင်မြင်ချမ်းသာခြင်းများကို တန်ဖိုးသီအိုရီက ပေးစွမ်းလျက်ရှိ**ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ကွယ်လွန်သူ ခင်ပွန်း (ဦးသန်းရွှေ)နှင့် သားဖြစ်သူ Bio ကျော်စိုးတို့အား ရည်စူး၍ ဒေါ်တင်အေး မိသားစုက အလှူတော်ငွေကျပ် ၂၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ရွှေဘုံသာလမ်းနေ ဦးကျော်မြ–ဒေါ်ကျင်မြိုင်၊ သားကိုကျော်ခင်လတ်–မမိုးမိုးဆွေ၊ မြေး မောင်ကျော်ဇောလင်း၊ မောင်ကျော်နိုင်ဝင်း၊ မမြဒါလီဆွေ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တာမွေမြို့နယ် သီရိလမ်း မေတ္တာညွန့်ရပ်ကွက်ရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရေးငွေပဒေသာပင်အလှူငွေ ကျပ်ကိုးသောင်းကို ဆရာမဒေါ်ရွှေပုနှင့် ညီမတို့က ဩဂုတ် ၂၃ ရက်က လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

လှူဒါန်း

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကစံစူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန အလှူတော်အတွက် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းနေ ဒေါ်စိန်စိန်နှင့် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းတင်ပြ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကို ပုဇွန်တောင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ခန်းမ၌ ဩဂုတ် ၂၀ရက်က ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်(သတင်းထောက်ခင်အောင်)က သဘာပတိအဖြစ် ဆောင်ရွက်၍ အတွင်းရေးမှူး ဦးသန်းထွန်း(သီဟ–ရောဝတီ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အတွေ့အကြုံရှင်းလင်းပွဲတွင် ဥက္ကဋ္ဌ ဦးခင်အောင်(သတင်းထောက်ခင်အောင်)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့၏ မှာကြားချက်များကို ဖတ်ကြားတင်ပြ၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံအတွေ့အကြုံကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်း(သီဟ–ရောဝတီ)က ရှင်းလင်းတင်ပြသည်။ (၂၃)

အင်းစိန် အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၀ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းက ခြောက်ဘာသာဂုဏ်ထူးရှင် မမြတ်စုသန်းအား ဆုချီးမြှင့်စဉ်။ (၆၁)

ရုရှားလေယာဉ်တစ်စင်း ယူကရိန်းတွင် ပျက်ကျ ခရီးသည်နှင့် လေယာဉ်အဖွဲ့သား ၁၇၀ သေဆုံး

မော်စကို ဩဂုတ် ၂၃

တူပိုလက်ဗ် တီယူ-၁၅၄ ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းသည် ဩဂုတ် ၂၂ရက်က ရုရှားနိုင်ငံတောင်ပိုင်း အင်နာပါမြို့မှ စိန့်ပီတာစဘတ်ဂ်မြို့သို့ ပျံသန်းနေစဉ် ယူကရိန်းနိုင်ငံ ကောင်းကင်ပြင်အရောက်၌ ရေဒါမြင်ကွင်းမှ ပျောက်သွားပြီး ဒွန်နက်စ်မြို့အနီးတွင် ပျက်ကျခဲ့ကြောင်း ရုရှားနိုင်ငံ ကယ်ဆယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ထိုလေယာဉ်ပျက်ကျမှုကြောင့် လိုက်ပါသွားသော ခရီးသည် ၁၆၀ နှင့် လေယာဉ်အဖွဲ့သား ၁၀ ဦးစလုံး သေဆုံးကြဖွယ်ရာရှိကြောင်း သတင်းက ဖော်ပြသည်။ လေယာဉ်ကိုပိုင်ဆိုင်သော ပူလ်ကိုဗိုလေကြောင်းလိုင်းကလည်း အသက်ရှင်သူတစ်စုံတစ်ဦးမျှ တွေ့ရသည်ဆိုသော သတင်းကို မရဟုဆိုသည်။

လေယာဉ်သည် မော်စကိုစံတော်ချိန် မွန်းလွဲ ၃း၃၇နာရီတွင် အန္တရာယ်တွေ့နေကြောင်း သတင်းပေးပို့ခဲ့ပြီးနောက် ၃း၃၉ နာရီတွင် အဆက်အသွယ်ပြတ်သွားခြင်းဖြစ်ကြောင်း ရုရှားကယ်ဆယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး အီရာနာအင်ဒရီနော်ဗာက ပြောကြားသည်။

လေယာဉ်သည် မီတာ၁၀၀၀၀အမြင့်တွင် ပျံသန်းနေစဉ် လေယာဉ်တွင်း၌ မီးလောင်မှုဖြစ်ပွားခဲ့သည်ဆိုသော သတင်းကို ယူကရိန်းကယ်ဆယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အီဂေါ်ကရောလ်အား ကိုးကား၍ အင်တာဖက်သတင်းဌာနက ဖော်ပြသည်။ အရေးပေါ်ဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း ဘီးများချရန်အခက်အခဲရှိသဖြင့် ဝမ်းနှင့်ရှပ်၍ဆင်းခဲ့ရကြောင်း ကရောလ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူပိုလက်ဗ် တီယူ-၁၅၄ ဂျက်လေယာဉ် အပျက်အစီးများကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ရုရှားနိုင်ငံ စတားစီးတီး၌ ဂျပန်နိုင်ငံမှ အာကာသခရီးသည်အဖြစ် လိုက်ပါမည့်သူ တစ်ဦးအား ကြိုတင်လေ့ကျင့်ပေးနေသည်ကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အစ္စရေးနှင့် ဆီးရီးယား စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် ဂိုလန်နယ်မြေကို ပြန်လည်ပေးအပ်သင့်ဟု အစ္စရေးဝန်ကြီးပြောကြား

ဂျေရုဆလင် ဩဂုတ် ၂၂

ဆီးရီးယားသို့ ဂိုလန်ကုန်းမြင့်နယ်မြေကို တရားဝင်ပြန်လည်ပေးအပ်လျှင် ဆီးရီးယားနှင့် အစ္စရေးတို့ စစ်မှန်သော ငြိမ်းချမ်းရေး ပြန်လည်ရရှိရန် တရားနည်းလမ်းကျကြောင်း ဩဂုတ် ၂၁ ရက်က အစ္စရေးပြည်သူ့လုံခြုံရေးဌာနဝန်ကြီး အာဗီဒက်ချ်တာ၏ ပြောကြားချက်ကို အာမီရေဒီယိုဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

၁၉၆၇ ခုနှစ်က ခြောက်ရက်ကြာ ဖြစ်ပွားသော စစ်ပွဲတွင် ဆီးရီးယားထံမှ ဂိုလန်ကုန်းမြင့်နယ်မြေကို သိမ်းယူခဲ့ကြကြောင်း၊ နိုင်ငံတကာက အသိအမှတ်ပြုထားသော နယ်စပ်မျဉ်းဖြစ်သည့် ဂိုလန်ကုန်းမြင့်နယ်မြေကို ပြန်လည်အပ်နှံရေးကို ၎င်းအနေဖြင့် လိုလိုလားလားရှိကြောင်း ဒက်ချ်တာက ပြောကြားသည်။

ထင်မြင်ယူဆ

ဆီးရီးယား၊ လက်ဘနွန်နှင့် စစ်မှန်သော ငြိမ်းချမ်းရေး ပြန်လည်ရရှိမှု ဆောင်ရွက်ရာတွင် အီဂျစ်နှင့် ဂျော်ဒန်တို့ရှိ နယ်မြေတို့ကို တရားဝင် လွှဲပြောင်းမှုမျိုး လုပ်နိုင်လိမ့်မည်ဟု မိမိထင်မြင်ယူဆထားကြောင်း ဒက်ချ်တာ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

၁၉၆၇ ခုနှစ် စစ်ပွဲဖြစ်ပွားစဉ်က ဆိုင်းနိုင်းကျွန်းဆွယ် အားလုံးကို အစ္စရေးတို့က သိမ်းယူခဲ့သည်။ ယင်း သိမ်းထားသော နယ်မြေများကို အီဂျစ်သို့ ပြန်လည်ပေးအပ်ပြီး ၁၉၇၉ ခုနှစ်တွင် အီဂျစ်နှင့်အစ္စရေးနိုင်ငံတို့ ငြိမ်းချမ်းစွာ ဆက်ဆံလာကြသည်။ ဂျော်ဒန်နိုင်ငံ၏ ပိုင်နက်အချို့ကို ပြန်လည် ပေးအပ်ပြီးချိန် ၁၉၉၄ ခုနှစ်တွင် အစ္စရေးနှင့် ဂျော်ဒန်တို့၏ ဆက်ဆံရေးမှာလည်း တိုးတက် ကောင်းမွန်လာခဲ့သည်။ အကယ်၍ ဆီးရီးယားနိုင်ငံ အနေဖြင့် လိုလားလျှင် အစ္စရေးနှင့် ဆီးရီးယား ငြိမ်းချမ်းရေး ဆွေးနွေးမှုကို တရားဝင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒက်ချ်တာက ဆိုသည်။

ပြောကြား

ပါလက်စတိုင်းနှင့် အစ္စရေးတို့ ငြိမ်းချမ်းရေးဆောင်ရွက်မှု ပျက်ပြားခဲ့သော်လည်း အနာဂတ်တွင် အစ္စရေးနိုင်ငံငြိမ်းချမ်းရေး ရရှိနိုင်ရန် မဟာစီမံကိန်းကို လုပ်ဆောင်သင့်ကြောင်း ဒက်ချ်တာက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်တွင် ရေကြီး၊ မြေပြို ၄၂ ဦး သေဆုံးပြီး တစ်ဦးပျောက်ဆုံးနေ

ဟန္နိုင်း ဩဂုတ် ၂၂

ဗီယက်နမ်နိုင်ငံတွင် ဩဂုတ် ၁၈ရက်ကစ၍ ရေကြီးခြင်း၊ မြေပြိုခြင်းများနှင့် မိုးကြိုးပစ်ခြင်းတို့ကြောင့် လူ ၁၅ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေသည်။ ယခု သေဆုံးသူ အရေအတွက်ပါ ပေါင်းပါက ယင်းနိုင်ငံတွင် ရက်သတ္တ တစ်ပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အသက်ဆုံးရသူ ၄၂ဦး ရှိပြီဖြစ်ကြောင်း ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။

ရွှေ့ပြောင်း

ထောင်ချီရှိသော ပြည်သူများကို ဘေးကင်းရာ ကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းပေးခဲ့သည်။ မြောက်ပိုင်းဒေသ အဓိကမြစ်များ၏ ရေအမှတ်သည် ဆက်လက်၍ မြင့်တက်လာမည်ဖြစ်၍ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနကို ကိုးကားကာ သတင်းဖော်ပြသည်။

ခန့်မှန်း

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းသည် နိုင်ငံ၏ စပါးထုတ်လုပ်မှု အဓိကဒေသမဟုတ်ပေ။ သို့ရာတွင် စပါးအများဆုံး ထွက်ရှိရာ မဲခေါင်မြစ်ဝကျွန်းပေါ် တောင်ပိုင်းတွင် လာမည့်ရက်များ၌ မိုးများရွာသွန်းမည်ဟု ခန့်မှန်းရသည်။

သို့သော် နွေစပါးများကို ရိတ်သိမ်းနိုင်ခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း မေ-အောက်တိုဘာ မိုးရာသီကာလများတွင် သဘာဝဘေးအန္တရာယ်များ အထူးသဖြင့် ရေကြီးခြင်းများနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် လူရာကျော် သေဆုံးရလေ့ရှိသည်။

သေဆုံး

ယခုနှစ် မိုးရွာသွန်းမှုနှင့် ရေကြီးမှုများသည် အလယ်ပိုင်းကုန်းမြင့်ဒေသရှိ ကုန်းမြင့်များတွင် စိုက်ပျိုးထားသော ကော်ဖီပင်များအား ထိခိုက်ပျက်စီးမှု မရှိခဲ့ပေ။

ယန်ဘေပြည်နယ် မြောက်ပိုင်းတွင် ဩဂုတ် ၁၉ ရက်က မြေပြိုမှုဖြစ်ပွားရာ လူလေးဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဇီအန်ပြည်နယ်တွင် မိုးကြိုးပစ်ချမှုဖြစ်ပွားရာ လူနှစ်ဦး သေဆုံးပြီး မြို့တော် ဟန္နိုင်း အစွန်းအဖျားပိုင်းတွင်လည်း နှစ်ဦးထပ်မံသေဆုံးကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယ၌ ဘွိုင်လာအိုးပေါက်ကွဲ တစ်ဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရရှိ

နယူးဒေလီ ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့တွင် တနင်္ဂနွေနေ့က အထည်ချုပ် စက်ရုံတစ်ရုံ၏ ဘွိုင်လာအိုးပေါက်ကွဲသဖြင့် လူတစ်ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိသွားကြောင်း အင်ဒို-အာရှ သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဒဏ်ရာရရှိသူများအား အနီးအနားရှိ အစိုးရဆေးရုံတစ်ရုံသို့ တင်ပို့ပေးခဲ့သည်။ ဒဏ်ရာရရှိသူများအနက် ၁၁ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံလုပ် အမှတ်အသားပါ စစ်သုံးပစ္စည်းများ ဟစ်ဇ်ဘိုလာတို့ လက်ဝယ်တွေ့ရှိမှု စုံစမ်းစစ်ဆေး

လန်ဒန် ဩဂုတ် ၂၂

အရှေ့အလယ်ပိုင်းရှိ ဟစ်ဇ်ဘိုလာ ပြောက်ကျားများ လက်ဝယ်တွင် ဗြိတိန်နိုင်ငံလုပ် လျှပ်စစ်သုံး ကိရိယာတွေ့ရှိရကြောင်း သတင်းထွက်ပေါ်လာပြီးနောက် ယင်းကိစ္စကို ဗြိတိန်တို့က ဩဂုတ် ၂၁ ရက်နေ့မှ စတင်စုံစမ်းနေပြီဖြစ်ကြောင်း သတင်းကဖော်ပြသည်။

ဖော်ပြပါ ကိရိယာပစ္စည်းများကို ဟစ်ဇ်ဘိုလာများ အသုံးပြုသော ဘန်ကာကတုတ်အတွင်း အစ္စရေးတို့က တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု မီဒီယာများက ဖော်ပြသည်။ ဗြိတိန်တို့က ထိုကိရိယာသည် ဗြိတိန်လုပ်ညကြည့်ကိရိယာများ ဟုတ်၊ မဟုတ်သိရှိနိုင်ရန် သတင်းအချက်အလက်များ ပိုမိုရရှိရေး ကြိုးစားနေဆဲဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အစ္စရေးတို့ တွေ့ရှိထားသော ညကြည့်ကိရိယာတွင် ဗြိတိန်လုပ်ပစ္စည်းဖြစ်ကြောင်း အမှတ်အသားများ ပါရှိသည်ဟု တနင်္လာနေ့ထုတ် တိုင်း(စ်) သတင်းစာတွင် ရေးသားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

ဖို့ဒ် မော်တော်ကား ကုမ္ပဏီ၏ လုပ်ငန်းခွင်တစ်နေရာကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်အဓိကစက်မှုလုပ်ငန်းမှပို့ကုန်များ ၂၀၀၇ခုနှစ်တွင် တိုးတက်မည်ဟု ခန့်မှန်း

ဟန္နိုင်း ဩဂုတ် ၂၂

ဗီယက်နမ်နိုင်ငံသည် ရေနံစိမ်း၊ အဝတ်အထည်နှင့် ဖိနပ်လုပ်ငန်းများ အပါအဝင် ဒေသတွင်း စက်မှုလုပ်ငန်းများမှ ပြည်ပတင်ပို့မှုသည် ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၈ ဘီလီယံ ရရှိပြီး ၁၇ ရာခိုင်နှုန်းထိ တိုးတက်မည်ဟု ဗီယက်နမ် စက်မှုဝန်ကြီးဌာနက ကြိုတင်ခန့်မှန်းထားသည်။

ခန့်မှန်း

လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာအစိတ်အပိုင်းများ၊ လက်မှုပညာပစ္စည်းများ၊ သစ်သားထည်များနှင့် ပလတ်စတစ်ထွက်ကုန်များမှ ပို့ကုန်များသည် ၂၀၀၇ ခုနှစ်တွင် ဆက်လက်၍ တိုးတက်လိမ့်မည်ဟု ဝန်ကြီးဌာနက ခန့်မှန်းကြောင်း ဗီယက်နမ်သတင်းဌာနက ဩဂုတ် ၂၁ ရက်တွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ရေနံစိမ်းတန် ၉ ဒသမ ၆ သန်းကျော် တင်ပို့ရာမှ ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံကျော် ရရှိခဲ့ပြီး အဝတ်အစားနှင့် အထည်အလိပ်မှ ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ၊ ဖိနပ်လုပ်ငန်းမှဒေါ်လာ ၂ ဒသမ ၁ ဘီလီယံခန့်၊ သစ်သားထည် လုပ်ငန်းမှ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်နှင့် လျှပ်စစ်ပစ္စည်းနှင့် ကွန်ပျူတာအစိတ်အပိုင်းများမှ ဒေါ်လာသန်း ၉၀၀ ကို ယခုနှစ်၏ ပထမခုနစ်လအတွင်း ရရှိကြောင်း စာရင်းအင်းများအရ သိရသည်။

မြင့်တက်

ယခုနှစ် ပထမခုနစ်လတွင် ဗီယက်နမ်နိုင်ငံသည် စုစုပေါင်း ပို့ကုန်ဒေါ်လာ ၂၂ ဒသမ ၃ ဘီလီယံကျော်ဖိုးတင်ပို့ခဲ့ပြီးဖြစ်ကြောင်း ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်နိုင်ငံ အလာစကာဒေသ ဗင်ကူးဗားမြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် စက်ကိရိယာသုံး၍ လုံခြုံရေး စစ်ဆေးနေသည်ကို ဩဂုတ် ၂၂ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လက်ဘနွန်စစ်အတွင်း ရေနံယိုဖိတ်မှု သဘာဝဝန်းကျင် ထိခိုက်နိုင်

ဘေရွတ် ဩဂုတ် ၂၃

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့နှင့် လက်ဘနွန်ရေငုပ်သမားများသည် နိုင်ငံကမ်းခြေတွင် ဖြစ်ပေါ်နေသော ရေနံယိုဖိတ်မှုအတိုင်းအတာကို ဩဂုတ် ၂၂ရက်နေ့က တိုင်းတာကြည့်ရာ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သည့်အခြေအနေရှိကြောင်း တွေ့ရှိခဲ့သည်ဟု သတင်းများက ဖော်ပြသည်။

စစ်ပွဲအတွင်း အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံကမ်းခြေရှိ အယ်လ်ဂျီယာဓာတ်အားပေးစက်ရုံ ထိမှန်ခဲ့ရသည်။ ထိုစက်ရုံမှ ထွက်လာသော လောင်စာဆီများက ကမ်းခြေ တစ်လျှောက် စီးဆင်းလျက်ရှိသည်။

လောင်စာများသည် ကမ်းခြေ၏ အနောက်ဘက် အနည်းဆုံးမီတာ ၁၀၀ အထိ ပြန့်နေပြီး အရှေ့ဘက်နှင့် တောင်ဘက်များသို့ မီတာများစွာ ပျံ့နှံ့နေကြောင်း တွေ့ရှိရသည်။ ရေနံထု၏ အထူပမာဏမှာ တစ်စင်တီမီတာမှ တစ်ဆယ်စင်တီမီတာအထိ ထူသည်ဟု သဘာဝပတ်ဝန်းကျင် အဖွဲ့များက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဇမ်ဘီယာနိုင်ငံတွင် အိဒ်စ်ရောဂါပျံ့နှံ့ နှစ်စဉ်ကျောင်းဆရာ ၈၀၀ခန့် သေဆုံး

လူဆာကာ ဩဂုတ် ၂၂

ဇမ်ဘီယာနိုင်ငံတွင် လူဦးရေ၁၁သန်းခန့်ရှိသည့်အနက် အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်ရောဂါကူးစက်မှုခံရသူအများစုတွင် ကျောင်းဆရာများပါဝင်ပြီး နှစ်စဉ်ထိုရောဂါကြောင့် ကျောင်းဆရာ ၈၀၀ ခန့် သေဆုံးလျက်ရှိကြောင်း ဇမ်ဘီယာနိုင်ငံအမျိုးသားကျောင်းဆရာများ အသင်း (ဇက်အမ်ယူတီ) ကထုတ်ပြန်ကြေညာသည်။

ဇမ်ဘီယာနိုင်ငံတွင် အေအိုင်ဒီအက်စ်ရောဂါပိုးကြောင့် နှစ်စဉ်ကျောင်းဆရာ ၈၀၀ ခန့် သေဆုံးလျက်ရှိရာ ကျောင်းဆရာ မလုံလောက်မှုပြဿနာများနှင့် အဓိကရင်ဆိုင်ရလျက်ရှိကြောင်း ဇက်အမ်ယူတီအထွေထွေအတွင်းရေးမှူး ရှိုင်းမဝါဘာ၏ပြောကြားချက်ကိုကိုးကား၍ ဆန်းဒေးနယူးသတင်းစာက ရေးသားဖော်ပြသည်။

ဇမ်ဘီယာနိုင်ငံအစိုးရ စာရင်းဇယားများအရ နိုင်ငံလူဦးရေစုစုပေါင်း၏ ၁၆ရာခိုင်နှုန်းခန့်မှာ အိဒ်စ်ရောဂါပိုးကူးစက်ခံနေရကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုင်ရို–ဘေရွတ်လေယာဉ်ခရီးစဉ် အမှန်မှတစ်ဆင့်ပြန်လည်ပျံသန်း

ကိုင်ရို ဩဂုတ် ၂၂

လက်ဘနွန်နိုင်ငံပိုင် အရှေ့အလယ်ပိုင်းလေကြောင်းလိုင်း (အမ်အီးအေ) သည် ကိုင်ရိုနှင့် ဘေရွတ်အကြားခရီးစဉ်ကို ရက်ပေါင်း ၄၀ကြာ ရပ်ဆိုင်းထားခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် ဂျော်ဒန်နိုင်ငံမြို့တော် အမ္မန်မှ တစ်ဆင့် ပြန်လည်ပျံသန်းပေးလျက် ရှိကြောင်း အီဂျစ်နိုင်ငံပိုင် သတင်းဌာနက ဖော်ပြသည်။

အမ်အီးအေပိုင် လေယာဉ်တစ်စင်းသည် ခရီးသည် ၁၄၉ဦးကိုတင်ဆောင်လျက် ကိုင်ရိုနိုင်ငံတကာ လေဆိပ်မှ ဘေရွတ်သို့ အမ္မန်မှတစ်ဆင့် တနင်္ဂနွေနေ့တွင် ထွက်ခွာသွားကြောင်း သတင်းဌာနက ဖော်ပြသည်။ အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံကို လေကြောင်းပိတ်ဆို့ထားမှုကြောင့် လောလောဆယ်တွင် ကိုင်ရိုနှင့် ဘေရွတ်အကြားတိုက်ရိုက်ပျံသန်းသည့် ခရီးစဉ်မရှိသေးပေ။

ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့ ပဋိပက္ခဖြစ်ပွားခဲ့သည့် ဇူလိုင် ၁၂ရက်ကတည်းက ကိုင်ရို– ဘေရွတ်တိုက်ရိုက်ပျံသန်းသည့် ခရီးစဉ်ကို ရပ်ဆိုင်းထားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်နိုင်ငံတွင် ရထားနှစ်စင်းတိုက် လူ ၈၀ သေဆုံးပြီး ၁၃၁ ဦးဒဏ်ရာရ

ကာလွစ် (အီဂျစ်) ဩဂုတ် ၂၂

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရို မြောက်ဘက် နိုင်းမြစ်၏ မြစ်ဝကျွန်းပေါ် ဒေသမြို့တစ်မြို့တွင် တနင်္လာနေ့က ရထားနှစ်စင်း တိုက်မိသည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ရာ လူ ၈၀ သေဆုံးပြီး ၁၃၁ဦး ဒဏ်ရာရရှိကြောင်း၊ အီဂျစ်နိုင်ငံတွင် ၂၀၀၂ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံးသော မီးရထားတိုက်မှုဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

မြို့တော်ကိုင်ရိုမြောက်ဘက် ၁၂ မိုင်ခန့်အကွာ ကာလွစ်မြို့အနီးတွင် တနင်္လာနေ့ ဒေသစံတော်ချိန် ၇ နာရီခွဲတွင် မီးရထားချင်း တိုက်မိသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ကြောင်း တာဝန်ရှိသူများက နိုင်ငံပိုင် မီနာသတင်းဌာနသို့ ပြောကြားသည်။

မီးရထားတစ်စင်းက စက်ခေါင်းမောင်းသူသည် ရထားသွားလာမှုဆိုင်ရာ အချက်ပြမီးကို ဂရုစိုက်ခြင်း မရှိဘဲ မောင်းနှင်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

မီးရထားတစ်စင်းက အခြားမီးရထားတစ်စင်း၏ နောက်ဘက်မှ ဝင်တိုက်မိခဲ့ရာ ရထားတွဲတစ်တွဲ လမ်းချော်တိမ်းမှောက်သွားပြီး အကြီးအကျယ်ပျက်စီးသွားကြောင်း၊ မီးလောင်သည့် လက္ခဏာများကိုလည်း တွေ့ရကြောင်း ရိုက်တာ ဓာတ်ပုံသတင်းထောက်တစ်ဦးက သတင်းပေးပို့သည်။

အမ်အင်အေ၊ရိုက်တာ။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော မော်စကိုမြို့ အဇ်မာလိုဗိုဈေးအတွင်း တစ်နေရာကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မော်စကိုဈေးတွင်ပေါက်ကွဲမှုဖြစ်ပွား၍ခုနစ်ဦးထက်မနည်းသေဆုံး

မော်စကို ဩဂုတ် ၂၂

ရုရှားနိုင်ငံ မော်စကိုမြို့တော်ရှိဈေးတွင် ဩဂုတ် ၂၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်းသေဆုံးကြောင်း ရုရှားအရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါ ပေါက်ကွဲမှုသည် အကြမ်းဖက်မှုအဖြစ် သံသယမရှိကြောင်း၊ ဓာတ်ငွေ့စနစ်ချို့ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

ကလေးသုံးဦး အပါအဝင် ခုနစ်ဦး သေဆုံးကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ မြို့တော်ရဲဌာနသတင်းအရ ယင်းပေါက်ကွဲမှုတွင် ခုနစ်ဦးသေဆုံးပြီး၂၅ဦးဒဏ် ရာရရှိသည်ဟု အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။ ပေါက်ကွဲမှုဖြစ်ပွားသည့် အကြောင်းရင်းများမှာ ကွဲလွဲချက်သတင်းများ ထွက်ပေါ်နေသည်။ ဖောက်ခွဲရေးပစ္စည်းများကြောင့် ပေါက်ကွဲမှုဖြစ်ရခြင်းဖြစ်သည်ဟုအခြားသော ဒေသဆိုင်ရာ သတင်းဌာနကပြောကြားသည်။ အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် သီးခြားပေါက်ကွဲမှုနှစ်နေရာ ဖြစ်ပွားကြောင်း ရုရှားရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ဖော်ပြသည်။

ယခုပေါက်ကွဲမှုသည် လိုကိုမိုတက်မ်ဘောလုံးကစားကွင်းအနီးရှိ လူစည်ကားများပြားလှသော အဇ်မာလိုဗိုဈေးတွင် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအနောက်တောင်ပိုင်းစီချွမ်ပြည်နယ်ရှိ ဝူလောင်ပန်ဒါဝက်ဝံကာကွယ်စောင့်ရှောက်ရေး ဗဟိုဌာနတွင် မွေးဖွားလာသော ပန်ဒါဝက်ဝံငယ်တစ်ကောင်ကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် Mr. Patrick Vial သည် ယမန်နေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ရုံးအဖွဲ့မှူး ဦးခင်မောင်သိန်းတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် Mr. Patrick Vial လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်တွင် တင်ပို့ရောင်းချမည့် လပ်ပုံများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ၊ အဆင့် အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောင်သပြေကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံး စီးပွားရေးသံမှူး Mr. Oh Jae Ho တို့ ပျဉ်းမနားမြို့ အောင်သပြေကုမ္ပဏီလီမိတက် အရောင်းခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျိုက္ကလော့ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၃

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့ စေတီတော်မြတ်ကြီးအနီးရှိ ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားခန်းပွဲကို ဩဂုတ် ၂၇ ရက်မှစ၍ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူ ယောဂီများ ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန်နှင့် ဆွမ်း၊ အချိုပွဲ၊ အအေး လှူဒါန်းလိုသူများ ဖုန်း–၆၃၅၆၃၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က–ပ)

အောင်သပြေ ကုမ္ပဏီလီမိတက် အရောင်းခန်းမဖွင့်

နေပြည်တော် ဩဂုတ် ၂၃

အောင်သပြေ ကုမ္ပဏီလီမိတက်၏ ဖယောင်းပုဆိုး၊ ကော်ဇောအမျိုးမျိုး၊ လယ်ယာလုပ်ငန်းခွင်သုံး မိုးရေကာဖျင်အမျိုးမျိုးနှင့် အခင်းမျိုးစုံရောင်းဝယ်ရေး အရောင်းခန်းမ ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာရပ် ဗိုလ်ချုပ်လမ်း အမှတ် (၆/၉)၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် အဖွဲ့ဝင်များ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ အောင်သပြေကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံး စီးပွားရေးသံမှူး Mr. Oh Jae Ho တို့က အရောင်းခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အောင်သပြေကုမ္ပဏီ လီမိတက်မှ အိမ်သုံး၊ ရုံးသုံး၊ ကျောင်းသုံး ဖယောင်းပုဆိုး၊ ကော်ဇောအမျိုးမျိုးနှင့် လယ်ယာလုပ်ငန်းသုံး မိုးရေကာဖျင်နှင့် အခင်းမျိုးစုံတို့ကို ရန်ကုန်ကုမ္ပဏီ ပင်ရင်းဈေးအတိုင်း ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။ မကြာမီ နေပြည်တော် မြို့မဈေးတွင်လည်း ဆိုင်ခွဲတိုးချဲ့ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကာကွယ် ခြင်နှိမ်နင်းရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၃

လှိုင်မြို့နယ် (၁၅)ရပ်ကွက် မြန်မာ့သစ်လုပ်ငန်း ယန္တရားအခြေစိုက် အလုပ်ရုံနှင့် ဝန်ထမ်းလိုင်း သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်းလုပ်ငန်းကို ယမန်နေ့နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဆောင်ရွက်ကြရာ လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းလွင်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေ၊ အလုပ်ရုံမန်နေဂျာ ဦးဇော်ဝင်းတို့က အားပေးကြီးကြပ်ကြပြီး မြို့နယ်အလုပ်အမှုဆောင်များ၊ ရပ်ကွက်အသင်း စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ စုစုပေါင်း အင်အား ၃၅ ဦး ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)** (က–ပ)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ကလေးများ၏ ပုံပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း စီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ ပုံပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (ဘီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အလက (၁) ရန်ကင်း၊ ဒုတိယဆုကို အလက (၂) ဒဂုံ၊ တတိယဆုကို အလက (၇) လှိုင်၊ နှစ်သိမ့်ဆုကို အလက (၃) ဗဟန်းတို့က ရရှိကြသည်။

ပေးအပ်

ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လှူဒါန်း

ကွယ်လွန်သူ ခင်ပွန်းဦးရန်အေး (ညွှန်ကြားရေးမှူး–ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန)နှင့် သားငယ် မောင်စိုးစိုးအောင် (2nd Mate) **တို့အား ရည်စူး၍ ဒေါ်တင်မေ (အထပြ–ငြိမ်း)မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။**

(က–ပ)

ဓာတ်အားကို အလေအလွင့်မရှိစေဘဲ ပြည်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မကွေးတိုင်းအတွင်း ဓာတ်အားပေးစက်ရုံများစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၈ရက် မွန်းလွဲပိုင်းတွင် ရေနံချောင်းမြို့နယ် ၃၃ကေဗွီဓာတ်အားခွဲရုံသို့ရောက်ရှိရာ မကွေးတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်၊ ရေနံချောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်နိုင်ဦးတို့က ရေနံချောင်းဓာတ်အားခွဲရုံသို့ မကွေးမြို့ 132/33 KV ဓာတ်အားခွဲရုံမှ 33 KV ဓာတ်အားလိုင်း ၃၀ ဒသမ ၅ မိုင်ခန့် ဓာတ်အားရယူ၍ 33/11 KV 5 MVA ထရန်စဖော်မာဖြင့် မြို့တွင်းနှင့် စက်မှုဇုန်များအတွင်းသို့ 11 KV ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် ခွဲ၍ ဖြန့်ဖြူးပေးထားမှုကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် 33 KV ဓာတ်အားလိုင်းဖြင့် ဓာတ်အားရယူ၍ ယခင်က 1250 KVA ထရန်စဖော်မာ နှစ်လုံးဖြင့်ဓာတ်အားဖြန့်ဖြူးပေးရာမှ 5˚KVA ထရန်စဖော်မာဖြင့် ပြောင်းလဲတပ်ဆင် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းလုပ်ဆောင်

ထို့နောက် ရေနံချောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်နိုင်ဦးက ဓာတ်အားကောက်ခံရရှိမှု၊ ပုံမှန်အတိုင်း ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရှေ့ဆက် လုပ်ဆောင်သွားရမည့် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်၊ ဓာတ်အားကို လေလွင့်မှုမရှိစေဘဲ ပြည်သူများလက်ဝယ်သို့ ဓာတ်အားဖြန့်ဖြူးပေးရန်၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မကွေးတိုင်း မင်းဘူးမြို့နယ် မင်းဘူးမြို့နှင့် ငဖဲမြို့အကြားရှိ မိုင်တိုင်(၁/၆)နှင့် (၂/၁)တို့ကြားရှိ မန်းဓာတ်အားပေးစက်ရုံသို့ ရောက်ရှိလာရာ ဓာတ်အားထိန်းချုပ်ခန်းမ၌ စက်ရုံမှူးက မကွေးတိုင်းအတွင်းရှိ ရေနံမြေများမှ ရေနံနှင့်အတူ ပူးပေါင်းထွက်ရှိသော သဘာဝဓာတ်ငွေ့အား လောင်စာအဖြစ် အသုံးပြု၍ ဓာတ်အားထုတ်လုပ်ပြီး ယင်းဒေသအတွင်းရှိ ရေနံမြေများ၊ ရေနံချက်စက်ရုံများ၊ အကြီးစား စက်မှုလုပ်ငန်းများနှင့် ပတ်ဝန်းကျင် မြို့၊ ရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးပြီး ပိုလျှံသော ဓာတ်အားကို မဟာဓာတ်အားလိုင်းကွန်ရက်စနစ်အတွင်းသို့ ပို့လွှတ်ရန် ရည်ရွယ်၍ 5 Gas Turbine Generation Sets 18.45 MW စက်နှစ်လုံးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ရက်လျှင် ဓာတ်အားထုတ်လုပ်မှုပမာဏ 760 MWh မှ 880 MWh ထုတ်လုပ်နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ တစ်နေ့လျှင် 12.0 MCF လိုအပ်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် သဘာဝဓာတ်ငွေ့ရရှိမှုပေါ်မူတည်၍ စက်လည်ပတ်မှု ရပ်တန့်ချိန်တွင် စက်များ၏ကြံ့ခိုင်မှုကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားကိုရယူ၍ 66˚KV ဓာတ်အားလိုင်းနှစ်လိုင်း၊ 33˚KV ဓာတ်အားလိုင်းခုနစ်လိုင်း၊ 11˚KV ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးပေးမှုတွင် ပိုမိုကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရန် လိုကြောင်း၊ လျှပ်စစ်လုပ်သားကောင်းများအဖြစ် ပြုမူနေထိုင်သွားရန်ပြောကြား၍ မဟာဓာတ်အားလိုင်းအတွင်းရှိ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းသည် ချောက်ဓာတ်အားခွဲရုံနှင့် မကျီးကန် ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ထားသော ဓာတ်အားကို လက်ခံရယူပြီး ၁၃၂ကေဗွီဓာတ်အားကို ၆၆ ကေဗွီဓာတ်အားအဖြစ် 40MVA ဓာတ်အားကို အဆင့်ချ၍ လည်းကောင်း၊ 132 KV ဓာတ်အားကို 33KV ဓာတ်အားအဖြစ် 50 MVA လျှပ်တာပြောင်းမှ ဓာတ်အားကို အသီးသီးနှိမ့်ချ၍ ဓာတ်အားဖြန့်ဖြူးမှုကို လည်းကောင်း၊ သဘာဝဓာတ်ငွေ့ ရရှိမှုပေါ်မူတည်၍ လည်ပတ်မှု ခေတ္တရပ်ဆိုင်းထားရသော ဓာတ်အားပေးစက်နှစ်လုံးနှင့် ရေစစ်ကန်တို့အားလည်းကောင်း၊ နောင်တွင် ဓာတ်အားလိုင်းများတိုးချဲ့တပ်ဆင်မည့် ဓာတ်အားလိုင်းတည်ဆောက်ရန် မြေနေရာများကိုလည်းကောင်း၊ ဓာတ်အားလိုင်းအမျိုးမျိုးဖြင့် ဓာတ်အားပို့လွှတ်လျက်ရှိသော ဓာတ်အားလိုင်းများကို လည်းကောင်း၊ ဓာတ်အားထိန်းချုပ်ခန်းမအတွင်း Indoor Gas Circuit Braker များဖြင့် ဓာတ်အားပို့လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးငွေညွန့်က ခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်၊ မြို့နယ်ခွဲခုနစ်ခုဖြင့် ဖွဲ့စည်းထားမှု၊ ခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှုများကို လည်းကောင်း၊ မင်းဘူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်ဟန်က ဓာတ်အားငွေ ကောက်ခံရရှိမှု၊ မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ကူညီရိုင်းပင်း

ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝန်ကြီးဌာန ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်သွားစေလိုကြောင်း၊ လျှပ်စစ်ကဏ္ဍဖြင့် နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်ငန်းများ၏ စွမ်းရည်မြင့်တက်လာမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအား ကူညီရိုင်းပင်းစွာ ဆောင်ရွက်ပြီး ရိုးသားမှု၊ ကြိုးစားမှုတို့ဖြင့် လုပ်ကိုင်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် နေပြည်တော်ရှိ ဝန်ကြီးဌာန၏ လျှို့ပိတ်ဆည်အတွင်း ရေဝင်ရောက်မှု၊ ငါးမွေးမြူထားရှိမှုနှင့် ဘဲများမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(ဆက်သွယ်ရေး)

ပဲခူးတိုင်းအတွင်းရှိ ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၁ ရက်တွင် ပြွန်တန်ဆာမြို့သို့ရောက်ရှိရာ ပဲခူးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာက ပြွန်တန်ဆာ အော်တိုအိတ်ချိန်း ဖွင့်လှစ်ထားရှိမှုနှင့် ဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဝန်ထမ်းများ စည်းကမ်းတကျရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်တံခါးမြို့ အော်တိုအိတ်ချိန်း အဆောက်အအုံသို့ရောက်ရှိ၍ အိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပဲနွယ်ကုန်း အော်တိုအိတ်ချိန်း အဆောက်အအုံသို့ သွားရောက်ကာ အော်တိုတယ်လီဖုန်းအိတ်ချိန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကညွတ်ကွင်းမြို့သို့ ရောက်ရှိ၍ ကညွတ်ကွင်း အော်တိုအိတ်ချိန်း အဆောက်အအုံ တည်ဆောက်ထားရှိမှုနှင့် တယ်လီဖုန်းလိုင်းတပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိန်းသိမ်းစောင့်ရှောက်

ဝန်ကြီးသည် ဩဂုတ် ၂၂ ရက်တွင် နေပြည်တော်ရှိ ဝန်ကြီးဌာန၏ လျှို့ပိတ်ဆည် အမှတ်(၁၄)သို့ ရေဝင်ရောက်မှု၊ ငါးမွေးမြူထားရှိမှုနှင့် ဘဲများ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးဌာနရုံးရှေ့၌ နှစ်ရှည်ပင် စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အပင်များ ရေရှည်ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်အတူ Conferencing and Collaboration System နှင့် Certification Authority စနစ် တင်ပြမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သဒ္ဒါပြည့်တင်း ဆန်လူအသင်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	သတ္တုတူးသောရွာကလေး
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	မြန်မာရုပ်ရှင်ပွဲတော် (ဇာန်ကောက်)
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	နှင်းဆီပင်စိုက်ကြရအောင်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	မြန်မာယူရေနီယံ အကအဖွဲ့နှင့် တွေ့ဆုံခြင်း(၂)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ယူးချောင်းတံတား
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ [မောင်မျိုးမင်း(ရင်တွင်းဖြစ်) နှင့် တွေ့ဆုံခြင်း] (ဒုတိယပိုင်း)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	အောင်မြင်ကြီးပွား မွေးမြူရေးလုပ်ငန်းများ (အနောက်တောင်တိုင်း စစ်ဌာနချုပ်)
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းငွေကြည်)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ရေဒီယိုအစီအစဉ်မှ ကလေးများ၏ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(စီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အလက(၇) လှိုင်မှ မယမင်းချိုဇင်၊ ဒုတိယဆုကို အလက(၂) ဒဂုံမှ မခန့်ခန့်သန်းစိုး၊ တတိယဆုကို အလက(၃) ဗဟန်းမှ မဝသန်ဆည်းဆာကျော်နှင့် နှစ်သိမ့်ဆုကို အလက(၁) ရန်ကင်းမှ မရဲရင့်တို့က ရရှိကြသည်။

ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်နုနုဆွေတို့ ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။
(သတင်းစဉ်)

ကချင်ပြည်နယ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

ကချင်ပြည်နယ် ၂၀၀၆-၂၀၀၇ ခုနှစ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအနီး ဧရာဝတီမြစ်ဆိပ်ကမ်း၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးအယ်လ်တူးရိန်က ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်း အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် ဧရာဝတီမြစ်အတွင်းသို့ ငါးခုံးမနှင့် ငါးမြစ်ချင်း၊ ငါးကောင်ရေ စုစုပေါင်း ၅၃သိန်းကို တပျော်တပါး ငါးမျိုးစိုက်ထည့်ပေး၍ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ငါးသားပေါက်လှောင်ကန်နှင့် ငါးမျိုးစိုက်ထည့်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

နံနက် ၁၀နာရီတွင် တိုင်းမှူးသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းလျာထားချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ ပြည်နယ်အတွင်း စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေး အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး၍ နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဩဂုတ် ၂၃

စစ်ကိုင်းမြို့ သောတာပန်ရပ် လေးကျွန်းမာရ်အောင်စေတီ စစ်ကိုင်းကျောက်တော်ကြီးမြတ်စွာဘုရား၏ (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၄ ရက်မှ ၈ ရက်အထိ (ဩဂုတ်၂၆ရက်မှ ၃၀ရက်) ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက် ညများတွင် တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၂၆ရက်တွင် သီတဂူအရှင်ပညာနန္ဒ၊ ဩဂုတ် ၂၇ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒနှင့် ဩဂုတ်၂၈တွင် သီတဂူဆရာတော်ကြီးတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၂၉နှင့် ၃၀ရက်တို့တွင် ဘုရားအမှူးပြုသော သံဃာတော်အပါး ၅၅၀နှင့် သီလရှင်အပါး ၃၀၀တို့အား စာရေးတံမဲနှင့် ဆွမ်းကြီးလောင်းလှူပွဲတို့ကိုပါ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ယူကရိန်းသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၆ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ယူကရိန်းသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘောရိစ်၊ တာရာစ်ယုခ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အခမ်းအနားမှူးသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာနကြီး အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို အမျိုးသမီးရေးရာအဖွဲ့ဝင် ဆရာမများ၊ ဆရာဝန်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသူများ စုစုပေါင်း ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်ကြာသင်တန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နာယကနှင့် အဖွဲ့ဝင်များသည် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ရောက်ရှိကြပြီး သုံးမွှာပူး၊ နှစ်မွှာပူး မွေးဖွားသော မိခင်နှင့် မွေးဖွားပြီး မိခင် ၆၇ ဦးတို့အား ထောက်ပံ့ငွေကျပ် ၁၆၈၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ရောစျေးသင်္ဘော ရန်ကုန်မြို့မှ စတင်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရန်ကုန်-မန္တလေးမြစ်ရောစျေးသင်္ဘောနှင့် စျေးတွဲနှစ်တွဲတို့သည် ဆန်၊ဆား၊ ဆပ်ပြာ၊ ဆီ၊ ပရိဘောဂ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ၊ စားသောက် ကုန်ပစ္စည်းများ စုစုပေါင်း တန်ချိန် ၁၀၄၇ တင်ဆောင်ပြီး ယမန်နေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းမှ မန္တလေးမြို့သို့ စတင်ထွက်ခွာသွားသည်။ အဆိုပါ ရန်ကုန်-မန္တလေး စျေးသင်္ဘောကြီးသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့၊ရွာများမှ မိမိတို့ဒေသ၌ပင် စျေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန်အတွက် ရည်ရွယ်ပြေးဆွဲရခြင်းဖြစ်၍ ခရီးစဉ်တစ်လျှောက်ရှိ မြို့၊ ရွာဒေသများသို့ ညအိပ်ဆိုက်ကပ်ရပ်နားပြီး စျေးရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရန်ကုန်-မန္တလေး မြစ်ရောစျေးသင်္ဘော ရန်ကုန်မြို့မှ ထွက်ခွာသွားသည်ကို တွေ့ရစဉ်။
(ပို့ဆောင်ရေး)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပညာရည်ထူးချွန်ဆု ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင်မြင်ကြသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်တို့၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ပညာရည်ထူးချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။

သို့ဖြစ်ရာ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ အဖွဲ့ဝင် ဖခင် (သို့မဟုတ်) မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား [သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် မူရင်း(သို့မဟုတ်) အမှတ်စာရင်းမိတ္တူ]၊အဖွဲ့ဝင် ဖခင်(သို့မဟုတ်)မိခင်၏ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့် သက်ဆိုင်ရာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ် (၅၂၉) ကုန်သည်လမ်း စာပေဗိမာန်(ဒုတိယထပ်) ရန်ကုန်မြို့သို့ ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၉ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

➪ စည်သာရေကူရေလှောင်တမံမှ

စီမံကိန်းသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများဖြစ်သော ပင်မတမံ၊ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်နှင့် စူးစမ်းလေ့လာတွေ့ရှိချက်များ၊ တမံတည်ဆောက်ရန် အောက်ခြေမြေသားရှင်းလင်းမှု ရေကူအထောက်အကူပြု ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက နွေနှင့် မိုး၊ဆောင်းတစ်နှစ်ပတ်လုံး ဤဒေသအတွင်း ဆည်ရေ ရရှိနိုင်အောင် ရေပေးဝေနိုင်သည့်လုပ်ငန်းကို ဆောင်ရွက်ပေးရန်နှင့် ပေးနိုင်သည့် လအလိုက် ရေပမာဏကို လေ့လာမှုပြုရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စည်သာရေကူရေလှောင်တမံ တည်ဆောက်မည့် ပင်မတမံနေရာနှင့် ရေထုတ်ပြွန်နေရာ အောက်ခြေမြေသားရှင်းလင်းထားမှု၊ ချောင်းဇရိယာတွင် ဘူမိဗေဒမြေသားစမ်းသပ်မှု၊ ရေဝပ်ဇရိယာတို့ကို ကြည့်ရှုစစ်ဆေးသည်။

စည်သာရေကူရေလှောင်တမံစီမံကိန်းသည် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၁၅၀၀ ရှိသည့် စည်သာချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ရေသိုလှောင်ကာ စည်သာရေလှောင်တမံ၏ ရေဝင်မှုကို အထောက်အကူပြုပေးမည်ဖြစ်သည်။ ဒေသတွင်း စိမ်းလန်းစိုပြည်မှုနှင့် ရတနာပုံမြို့သစ်အတွက် ရေပေးဝေနိုင်မည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ဒိုးကွင်းရှိ ပိုးချည်စက်ရုံသို့ရောက်ရှိရာ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပြေတင်က ပိုးစာပင်စိုက်ပျိုးမှု၊ ပိုးမွေးမြူ မှု၊ ပိုးချည်ထုတ်လုပ်မှု၊ ပိုးအိမ်ဝယ်ယူရရှိမှုနှင့် ပြည်တွင်းပြည်ပဈေးကွက်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ပိုးမွေးမြူသည့် တောင်သူများဝင်ငွေရရန် ဈေးကွက်ရှာဖွေရေး၊ ထုတ်လုပ်မှုတိုးချဲ့ရေး မှာကြားသည်။

ထို့နောက် ပိုးချည်ရစ်ဌာန၊ ပိုးအိမ်ပြုတ်သည့်ဌာန၊ ပိုးအိမ်ရွေးခန်း၊ ဘေးထွက်ပစ္စည်းများဖြစ်သည့် ဆေးဝါး၊ မွေ့ရာထုတ်လုပ်မှုနှင့် ပိုးစာပင်စိုက်ခင်းတို့ကို ကြည့်ရှုသည်။

မှာကြား

ဝန်ကြီးသည် စက်ရုံမှူးနှင့် ဝန်ထမ်းများအား အရည်အသွေးကောင်းရရှိအောင် တီထွင်ကြံဆဆောင်ရွက်ကြရန်နှင့် ဖြစ်ထွန်းသောဒေသများတွင် တောင်သူများ ဝင်ငွေကောင်းရရှိအောင်၊ ပိုးချည်သာမက ပိုးအိမ်နှင့် ဘေးထွက်ပစ္စည်းအသုံးချဝင်ငွေရရှိမှုကို နည်းပညာပေးကြရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ကန်တော်ကြီးအနီးရှိ မျိုးပိုးဥထုတ်လုပ်ရေးခြံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံက ပိုးမွေးမြူရေးလုပ်ငန်းအတွက် မျိုးပိုးဥနှင့် ပိုးအိမ်များကို ပြည်တွင်းနှင့် ပြည်ပမျိုးများမှ မျိုးသန့်ရအောင် ရွေးချယ်ပြီး မွေးမြူကာ တောင်သူများအား ဖြန့်ဝေမှု၊ ပြည်ပနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ထုတ်လုပ်သော မျိုးပိုးဥအဆင့်ဆင့်ကို ကြည့်ရှုသည်။

ဝန်ကြီးသည် ပိုးမွေးမြူရာမှရရှိသည့် ပိုးကောင်ခြောက်ထုတ်လုပ်ရေး လုပ်ငန်းကိုကြည့်ရှုရာ တာဝန်ရှိသူများက ပိုးစာပင်စိုက်ပျိုးမှု၊ ပိုးမွေးမြူ ပိုးချည်ထုတ်လုပ်မှုမှ ဝင်ငွေသာမက ပိုးစာရွက်နှင့် ပိုးကောင်ခြောက်ထုတ်လုပ်၍ ဝင်ငွေရရှိမှု၊ ပိုးကောင်ခြောက်အသုံးဝင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ၁၉၇၂ ခုနှစ်က ခြံအတွင်း စိုက်ပျိုးဖြစ်ထွန်း ပွင့်သီးနေသည့် တန်းဆီပင်များ တန်းဆီ၊ အသီး၊အစေ့နှင့် ထုတ်ယူရရှိသော ဆီတို့ကို ကြည့်ရှုခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

◆ မျက်ကြည်လွှာမှိုစွဲမှ

မျက်ကြည်လွှာမှိုစွဲရောဂါဖြစ်ပွားစေသည်ဟု အမည်ဆိုးထွက်လာပြီးနောက် မျက်ကပ်မှန် သန့်စင်ဆေးရည်ထုတ်လုပ်သော ဘော့ရှ်အင်လောမ့် (Bausch & Lomb) မှ ထုတ်လုပ်သော ဆေးရည်များကို မေလအတွင်း က ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းခဲ့သည်။

မျက်ကြည်လွှာမှိုစွဲသော ရောဂါမှာ ဖူဆာရီယမ်ကီရားတစ် (Fusarium Keratits) ခေါ်မှိုမျိုးကြောင့်ဖြစ်ပွားသည့်ရောဂါတစ်မျိုးဖြစ်သည်။ ဖူဆာရီယမ်မှိုမျိုးမှာ မြေလွှာနှင့် အပင်များတွင်သာ တွေ့ရလေ့ရှိသော မှိုမျိုးဖြစ်သည်။ ယင်းမှိုမျိုး မျက်ကြည်လွှာတွင် စွဲကပ်ခံရပြီး အခြေအနေလည်း ဆိုးရွားပါက မျက်စိကွယ်သည်အထိ ဖြစ်နိုင်သည်။ သို့ဖြစ်၍ မျက်ကြည်လွှာအစားထိုးရသည့် ကုသမှုမျိုးကိုပင်ပြုလုပ်ပေးရန် လိုအပ်နိုင်သည်ဟုဆိုသည်။

အမေရိကန် ဆေးပညာအသင်းဂျာနယ်၏အဆိုအရ မျက်ကပ်မှန် အပျော့စားတပ်ဆင်သူ ၁၀၀၀၀ လျှင် ကီရားတစ်မှိုစွဲရောဂါရသူ လေးဦးမှ ၂၁ဦးအထိ ရှိနိုင်သည်ကို သိရှိရသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်းသည်များကို သိရှိနိုင်ရန် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနမှ ဒေါက်တာဒေါက်ဂလပ်စီချမ်းက လေ့လာမှုများပြုလုပ်ခဲ့ရာ အမေရိကန်၌ ဖူဆာရီယမ်မျက်ကြည်လွှာ မှိုစွဲရောဂါရှိနေသူ ၁၆၄ဦးကို တွေ့ရှိခဲ့သည်။

လေ့လာတွေ့ရှိ

ထိုဝေဒနာသည်များသည် မျက်ကပ်မှန်သန့်စင်ဆေးရည်ကြောင့် ဝေဒနာခံစားကြရခြင်းမဟုတ်ဘဲ မျက်ကပ်မှန်သိမ်းဆည်းသည့်ခွက် မသန့်စင်မှု၊ မျက်ကပ်မှန်ကို ကိုင်တွယ်သည့်လက် မသန့်စင်မှု စသည့် ပြင်ပအကြောင်းတရားများကြောင့် မျက်ကပ်မှန်တွင် မှိုကပ်ငြိသွားရာမှ မျက်ကြည်လွှာသို့ မှိုကူးစက်သွားကြောင်း လေ့လာတွေ့ရှိရသည်ဟုဆိုသည်။

သို့ဖြစ်၍ မျက်ကပ်မှန်အပျော့စား အသုံးပြုသူများအနေဖြင့် မျက်ကြည်လွှာမှိုကပ်သည့် ရောဂါမရစေရန် သန့်ရှင်းမှုကို အထူးအလေးထားခြင်း၊ မျက်ကပ်မှန်ကိုမကိုင်မီ လက်ကိုစင်ကြယ်စွာ ဆေးခြင်း၊ မျက်ကပ်မှန်ထည့်သော ခွက်ကို သန့်စင်အောင်ထားခြင်း စသည့် ဆင်ခြင်ဖွယ်ရာများကို အထူးဂရုပြုသင့်ကြောင်း သုတေသီများက အကြံပြုထားသည်။

အင်တာနက်။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တို့သည် ဩဂုတ် ၁၉ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးလှမြင့်မောင်နှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းအတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနအသီးသီးမှ ဝန်ထမ်းများ၊ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာများ တက်ရောက်ကြသည်။

ဝန်ကြီးက ပြောကြားရာတွင် ယနေ့ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ အဆမတန်မြင့်တက်လျက်ရှိရာ စက်သုံးဆီ အလေအလွင့်မရှိစေရေး အထူးဂရုစိုက်ကြရန်လိုကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူအပြစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အဂတိလိုက်စားမှု ကင်းရှင်းပြီး မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မုံရွာမြို့ စက်သုံးဆီ အရောင်းဆိုင် အမှတ်(ဝ၆၄ဝ)သို့ သွားရောက်ပြီး စက်သုံးဆီ အချင်အတွယ်ကို လည်းကောင်း၊ စက်သုံးဆီအရောင်းစာရင်းနှင့်စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှုကို လည်းကောင်းကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး၊ စက်သုံးဆီ အချင်အတွယ်နှင့်ပတ်သက်၍ အများပြည်သူတို့ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် အထူးဂရုစိုက် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ်၂၀ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် စစ်ကိုင်းတိုင်း မြောင်မြို့နယ် ဆင်ဂေါင်းတောင်အနီးရှိ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းသို့ ရောက်ရှိသည်။ ဝန်ကြီးအား စစ်ကိုင်းတိုင်း တိုင်းရောင်းဝယ်ရေးအရာရှိ ဦးသက်ဦးက လက်ရှိစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မြေလွတ်မြေရိုင်းများပါမကျန် ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ တွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ဆက်လက်၍ ဝန်ကြီးသည် မြင်းမူမြို့ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ဌာနခွဲမန်နေဂျာ ဦးကျော်ဗလက စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှု၊ စီမံကိန်းများသို့ ဖြန့်ဖြူးပေးနေမှုများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလှမြင့်မောင်က စက်သုံးဆီ သယ်ယူပို့ဆောင်နေမှုနှင့် သိုလှောင်ကန်များအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စက်သုံးဆီမပြတ်လပ်စေရေး အထူးဂရုစိုက်ကြရန် မှာကြားပြီး သိုလှောင်ကန်များ၏ သိုလှောင်နိုင်မှုစွမ်းအား တိုးမြှင့်ရေး၊ သယ်ယူပို့ဆောင်ရေးစနစ် လွယ်ကူချောမွေ့စေရေးတို့ အတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက်ဝန်ကြီးသည် စက်သုံးဆီ အတင်အချဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆီလက်ခံရရှိမှုတိုင်းတာရေးစနစ်ကို အဆင့်မြှင့်တင်သွားနိုင်ရေးမှာကြားသည်။ယင်းနောက် ဝန်ကြီးသည် စက်သုံးဆီသိုလှောင်ကန်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် အထွေထွေရောဂါကုဆေးရုံ ခုတင်(၃၀၀)သို့ ဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၁၀၀လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀)အတွက် ဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဆေးရုံ၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ကျန်းမာရေး စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်တင်လင်းမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် ဆေးရုံမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အလှူရှင် ဦးချစ်ခိုင် (မန်နေဂျင်းဒါရိုက်တာ ဒေင်ကမ္ဘဏီ)က အလှူငွေလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၁၀၀ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာကြည်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၃၀၀)အတွက် အလှူရှင် ဒေင်ကမ္ဘဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀ကို ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အာနာပါန ကမ္မဋ္ဌာန်းအားထုတ်ပုံ တရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၆ ခုနှစ် ဩဂုတ် ၃၀ရက် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေ၊ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက **"အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံ တရားတော်"**ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာ ဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၀၅ ၇။ အကပဒေသာ
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ ကပ်တဲလ်ကြိုးတံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၅ ၇။ **"အားနာလိုက်တာ" (မော့စ်၊ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်) [ဒါရိုက်တာ-စောစန္ဒာလှိုင်]**
၅:၃၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၀ ၉။ တေးဂီတအစီအစဉ်
၅:၅၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သီရိဂေဟာ
၇:၀၀ ၁၄။ **၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)**
၇:၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာကလေး တဝဲလည်လည်" (အပိုင်း-၁၇)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသံစဉ်"(အပိုင်း-၁၃)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဂုဏ်ပြုပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက "မင်္ဂလာရှိသော မင်္ဂလာနေ့"သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသင်္ဂီ၊ ဘဏ္ဍာရေးဌာနကြီးမှူး ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်မိမိတို့က ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ၅၈ ကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူ ၂၈၃ဦးအား ဂုဏ်ပြုဆုနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဆုရကျောင်းသူများကိုယ်စား လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဖြူဝင့်သော်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းသူလေးများက "ပညာထူးချွန် လူရည်မွန်"သီချင်းကို သီဆို၍ ဂုဏ်ပြုနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းမှ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အင်ဒိုနီးရှားကုန်ပစ္စည်းများပြပွဲနှင့် စီးပွားရေးဆွေးနွေးပွဲ ကျင်းပရေးအတွက် ကုန်သည်/ စက်မှုအသင်းချုပ်သို့လာရောက်ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ Minister Counseller Mr. Johennes Suripto သည် ယနေ့နံနက်ပိုင်းတွင် အသင်းချုပ်သို့ လာရောက်တွေ့ဆုံပြီး (ဝဲပုံ) **ဩဂုတ် ၂၇ နှင့် ၂၈ ရက်တို့တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower၌ အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများပြပွဲနှင့် စီးပွားရေး ဆွေးနွေးပွဲကျင်းပရန် ဆွေးနွေးကြသည်။**

အင်ဒိုနီးရှားနိုင်ငံ ကုန်ပစ္စည်းပြပွဲကို ဩဂုတ် ၂၇နှင့် ၂၈ရက်တို့တွင် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ပြသမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၂၇ရက် နံနက်ပိုင်းတွင် ပြုလုပ်မည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးနိုင်

စီးပွားရေးလုပ်ငန်းများအလိုက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၇နှင့် ၂၈ရက်တို့တွင် တွေ့ဆုံဆွေးနွေး မည်ဖြစ်သည်။ နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုပါက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဖုန်း-၂၁၄၃၄၄ နှင့် ၂၁၄၃၄၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။
(သတင်းစဉ်)

လှိုင်မြို့နယ် လူသတ်မှုတရားခံများ ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁၁) ရပ်ကွက် မြရတနာလမ်းနေ ဦးအောင်ဇော် (၃၅)နှစ် (ဘ)ဦးလှမောင်သည် ဩဂုတ် ၂ ရက် ည ၉ နာရီတွင် ဆိုင်ကယ်ဖြင့် အိမ်သို့အပြန် ရွှေဟင်္သာလမ်းအရောက်၌ လူတစ်ဦးက ဓားဖြင့်ခုတ်ပြီး ကားတစ်စီးဖြင့် ထွက်ပြေးသွားခဲ့သည်။ ဦးအောင်ဇော်မှာ ရရှိသောဒဏ်ရာဖြင့် ရန်ကုန်ဆေးရုံကြီး၌သေဆုံးသွားခဲ့၍ လှိုင်ရဲစခန်းက အမှုဖွင့်ပြီး တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့သည်။

သေဆုံးသူ ဦးအောင်ဇော်မှာ လူပျိုဖြစ်ပြီး မိဘများနှင့် အတူနေထိုင်ကာ ရွှေမောင်းအမည်ဖြင့် တိုင်းရင်းမြန်မာဆေးခန်းဖွင့်ထားသူဖြစ်ကြောင်း သိရှိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ မမြင့်မြင့်အေး(ခ)မပြားကြီး (၄၀)နှစ် ဝက်သတ်လုပ်ငန်း (ဘ)ဦးတိုးမောင် အမှတ်(၅) ရပ်ကွက် ကမာရွတ်နေသူအား ဩဂုတ် ၁၆ရက်တွင် ဖမ်းဆီးနိုင်ခဲ့ပြီး မမြင့်မြင့်အေး၏ထွက်ဆိုချက်အရ ၂၀၀၆ ခုနှစ် ဧပြီလတွင် ဖိုးအော်(ခ)အောင်မြတ်စိုး (၃၂)နှစ် (ဘ)ဦးသောင်း အမှတ်(၆၄) ရွာမကျောင်းလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ်နေသူက ဦးအောင်ဇော်၏ လက်ကို ဖြတ်ပေးရန်အတွက် အခကြေးငွေပေး၍ ခိုင်းစေခဲ့ကြောင်း၊ မမြင့်မြင့်အေးက ဝက်သတ်ရုံ၌ အလုပ်လုပ်သော ဝက်သတ်လုပ်သား မြင့်စိန်(၄၀)နှစ် (ဘ)ဦးတင်ငွေ ဗိုလ်အောင်ကျော်လမ်း (၁/၁၃)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူအား ဦးအောင်ဇော်၏ လက်ကို ဖြတ်ရန် ငွေပေး၍ ထပ်ဆင့်ခိုင်းစေခဲ့ကြောင်း၊ မြင့်စိန်က ဦးအောင်ဇော်ကို ဩဂုတ် ၂ ရက်တွင် သတ်ဖြတ်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရှိရသည်။

ရဲတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လူသတ်တရားခံ မြင့်စိန်အား ဩဂုတ် ၁၆ရက်တွင် လှိုင်သာယာမြို့နယ်၌ လည်းကောင်း၊ လူသတ်မှုအား နောက်ကွယ်မှစီမံ၍ ငွေပေးစေခိုင်းခဲ့သူ ဖိုးအော်(ခ)အောင်မြတ်စိုးအား ပဲခူးမြို့နယ် ဘုရားလေးကျေးရွာကျောက်တန်းရပ်ကွက်၌ ဩဂုတ် ၁၈ရက်ညတွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ပြစ်မှုကျူးလွန်သူ တရားခံများအားလုံးကို မှုခင်းဖြစ်ပွားပြီး ရက်သတ္တနှစ်ပတ်အကြာတွင် ဖမ်းဆီးရမိနိုင်ခဲ့ကာ တရားခံများအား ထိရောက်သောပြစ်ဒဏ် ရရှိရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့ မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေကို ဩဂုတ် ၁၀ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်း စုဒ္ဒသမအကြိမ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၆ခုနှစ် မန္တလေးတိုင်း စုဒ္ဒသမအကြိမ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ မန္တလေးတိုင်း စုဒ္ဒသမအကြိမ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် ယခုနှစ် စုဒ္ဒသမအကြိမ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်ဟူသော ရည်ရွယ်ချက်(၇)ရပ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းအနေဖြင့် ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုများထိုက်ထိုက်တန်တန်ရရှိအောင် တိုင်းအဆင့်ပြိုင်ပွဲကို စနစ်တကျကျင်းပ၍ အရည်အချင်းရှိပြီး အဆင့်မီသည့်ပြိုင်ပွဲဝင်များကို စနစ်တကျရွေးချယ်ကြရန်လိုကြောင်း၊ မန္တလေးတိုင်း စုဒ္ဒသမအကြိမ် (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဒိုင်အဖွဲ့များကိုလည်း ဖွဲ့စည်းပေးပြီးဖြစ်၍ ကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ယခင်နှစ်အတွေ့အကြုံအရ အားနည်းချက်များကို ကြိုတင်ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျွမ်းကျင်သူ အနုပညာရှင်ကြီးများအနေနှင့်လည်း မိမိတို့၏ နားလည်တတ်ကျွမ်းသည့်ပညာအတွေ့အကြုံများအရ မန္တလေးတိုင်း ဂုဏ်ဆောင်အနုပညာရှင်များပေါ်ထွက်လာရေးနှင့် ဆုတံဆိပ်များရရှိရေးအတွက် ဝိုင်းဝန်းပံ့ပိုး ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းက ယခုနှစ် မန္တလေးတိုင်း စုဒ္ဒသမအကြိမ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ယခင်နှစ် ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင်များက သက်ဆိုင်ရာဘာသာရပ်များအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ယခင်နှစ် ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၀ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး၊ မန္တလေး တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)နှင့် အနုပညာဦးစီးဌာန(မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ပထမနေ့ပြိုင်ပွဲများကို စတင်ကျင်းပရာ ခေတ်ဟောင်းတေး (အမျိုးသား၊အမျိုးသမီး)နှင့် ကာလပေါ်တေး(အမျိုးသား)ပြိုင်ပွဲတို့ယှဉ်ပြိုင်ကြပြီး ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်

(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရန်

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရန်

(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်

(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်

(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ် တားဆီးရန်

(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမို ရှင်သန်ခိုင်မာစေရန်

ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းသွားမည်

၂၀၀၆ခုနှစ် ဩဂုတ် ၂၃ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉း၃၀နာရီအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့် ရှိနေသည်။

၂၀၀၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေအထိ ခန့်မှန်းချက်

ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းသွားမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၂၉ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်)		**၂၂-၈-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၅ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၇ ဒီဂရီဖာရင်ဟိုက်)		**၂၃-၈-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ	၉၃ ရာခိုင်နှုန်း	**၂၃-၈-၂၀၀၆**
နေပူသည့်နာရီပေါင်း	မရှိပါ	**၂၂-၈-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၃-၈-၂၀၀၆	၀ဒသမ ၄၈လက်မ	၀ဒသမ ၅၁လက်မ	၀ဒသမ ၂၃လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၇၄ဒသမ ၀၆လက်မ	၈၄ဒသမ ၄၁လက်မ	၉၁ဒသမ ၇၃လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၈-၂၀၀၆ရက် ၁၃း၂၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၇မိုင်နှုန်း တိုက်ခတ်သည်။

(၃၈)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ပွဲဦးထွက် မြန်မာနှင့်ထိုင်းအသင်းတို့ နှစ်ဂိုးစီသရေကျ

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၆ ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် ၆ နာရီခွဲတွင် မလေးရှားနိုင်ငံ Shah Alam Stadium ၌ စတင်ကျင်းပသည်။

ပွဲဦးထွက်ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ထိုင်းလက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီသရေဖြစ်သွားသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် စည်သူဝင်းက တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဩဂုတ် ၂၅ ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၃

ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား ကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ လူတွင် ဖြစ်ပွားတတ်သော ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်ကုသ နှိမ်နင်းရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ် နှိမ်နင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေး ပြင်ဆင်မှုအတွက် ဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ် များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း၊ ယခင်က လည်း ဌာနပေါင်းစုံ ပူးပေါင်းဆောင် ရွက်မှုကြောင့် မြန်မာနိုင်ငံသို့ ဆားစ် ရောဂါဖြစ်ပွား ကူးစက်မှုမရှိအောင် ကာကွယ်နိုင်သည့် အောင်မြင်မှုရရှိခဲ့ ကြောင်း၊ ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ ဖြစ်ပွားပါက ဆားစ်ရောဂါထက် ကူးစက်ဖြစ်ပွား သေဆုံးမှုများပြားနိုင် ကြောင်း၊ ထိုကပ်ရောဂါ ဖြစ်ပွားမှု ကာကွယ်နိုင်ရန်အတွက် ညှိနှိုင်းတိုင် ပင်ရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ် ကြောင်း ဝန်ကြီးဌာန အသီးသီးတွင် ကပ်ရောဂါဖြစ်ပွားမှု ကာကွယ်ရန် အတွက် စီမံချက်များ ကြိုတင်ရေးဆွဲ ထားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် မှာ ဝန်ကြီးဌာနတိုင်းမှ အမျိုးသားရေး အသွင်ဖြင့် ဝိုင်းဝန်း ပူးပေါင်းဆောင် ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြား သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က International Co-ordination & Logistics and Supply Subcommittee ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေ အနေများကိုလည်းကောင်း၊ ကျန်းမာ ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါက်တာကျော်ညွန့်စိန်က ကမ္ဘာ့ တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနများမှ ကဏ္ဍအလိုက်ဆောင် ရွက်ရန်လုပ်ငန်းများကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေး ဆုံးဖြတ် ချက်များကို ချမှတ်ကြသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က နိဂုံးချုပ် အမှာစကားပြောကြားရာ တွင် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ ဖြစ်ပွား ကူးစက်မှုမရှိအောင် ကာကွယ်နှိမ်နင်း ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနပေါင်းစုံနှင့် လူမှုရေးအသင်း အဖွဲ့များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု သည် အထူးအရေးကြီးကြောင်းနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ် ရိက္ခာအဖွဲ့ အပါအဝင် နိုင်ငံတကာ အဖွဲ့ အစည်းများ၏ ပံ့ပိုးကူညီ ဆောင်ရွက် မှုများကိုလည်း ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိ ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို အားလုံးပူးပေါင်း ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်း ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိတ်ဖောက်ပြန်ပြီး လူသတ်မှုကျူးလွန်သူအား ၃၆ နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ပဲခူးမြို့ ဥဿာမြို့သစ် (၂)ရပ်ကွက်ရှိ ဓမ္မစေတီ နန်းဦးဘုန်းကြီးကျောင်း "ဘ" ဘုရားဝင်း၌ တရားစခန်းဝင် နေသူ စေတုတ္တရာမြို့ တောင်ခေတ္တရာ (၂)ရပ်ကွက်နေ မြင့်ကြည်(ခ)ခန့်သူ (၄၁)နှစ် (ဘ) ဦးသောင်းညွန့်သည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် တရား စခန်းဝင်နေကြသည့် ဦးချစ်လှိုင် (၈၆) နှစ်၊ ဦးသာခင် (၈၅)နှစ် နှင့် သီလရှင် ဒေါ်အေးသိင်္ဂီ (ခ) ဒေါ်အုန်း (၅၅)နှစ် တို့အား ငှက်ဖျားရောဂါကြောင့် စိတ် ဖောက်ပြန်ပြီး ပေါက်ပြားဖြင့် လိုက်လံ ခုတ်သတ်ကာ ထွက်ပြေးတိမ်းရှောင် သွားခဲ့သည်။

သတင်းရလျှင်ရချင်း တရားခံ ဖမ်းဆီးရမိရေးအတွက် မြို့ဝင်၊ မြို့ထွက် ဂိတ်များ၊ ဆက်စပ် ပြည်နယ်နှင့် တိုင်းများသို့ သတင်းပို့ရှာဖွေခဲ့ရာ ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်-ပဲခူး ကားလမ်း အင်းတကော် ရဲစခန်းရှေ့၌ မြင့်ကြည် (ခ)ခန့်သူအား ဒုတိယရဲအုပ်ဇော်နိုင်အောင် ဦးစီးအဖွဲ့က စစ်ဆေးရာမှ ၃၆ နာရီအတွင်း တရားခံအား ဖမ်းဆီးရမိခဲ့သည်။

တရားခံ၏ထွက်ဆိုချက်အရ ၂၀၀၆ ခုနှစ် ဧပြီလတွင် ဓမ္မစေတီ နန်းဦး ကျောင်းသို့ရောက်ရှိကာ သေဆုံးသူ ဦးချစ်လှိုင်နှင့် တစ်ခန်းတည်းအတူ နေထိုင်ခဲ့ကြောင်း၊ ဝေယျာဝစ္စများ နေ့စဉ် ပင်ပန်းကြီးစွာ လုပ်ကိုင်ပေးခဲ့ သော်လည်း အပြစ်ရှာပြီး မကောင်း သတင်းကိုသာပြောဆို၍ ရိုက်နှက် ကြောင်း၊ သေဆုံးသူသုံးဦးတို့၏ ပြောဆို ဆက်ဆံမှုများကြောင့် စိတ်ဆင်းရဲကာ ရူးသွပ်သကဲ့သို့ ခံစားရကြောင်း၊ မခံ မရပ်နိုင်အောင် ဒေါသဖြစ်ခဲ့ရာမှ ယင်းသို့ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး အင်းတကော်သို့ ထွက်ပြေးတိမ်းရှောင် လာစဉ် အဖမ်းခံရခြင်း ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တရားခံအား ဥပဒေနှင့် အညီ အရေးယူနိုင်ရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

အင်တာနက်အားကစားသတင်းများ

ချန်ပီယံလိဂ်ခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင် လီဗာပူး၊ အေစီမီလန်၊ ဟမ်းဘာ့ဂ်နှင့် ဘင်ဖီကာတို့အနိုင်ရ

ကီးယက်ဗ် ဩဂုတ် ၂၃

လီဗာပူးအသင်းနှင့် မက်ကာဘီဟိုင်ဖာအသင်းတို့သည် ချန်ပီယံလိဂ်ခြေစစ်ပွဲအဖြစ် ကီးယက်ဗ်ကွင်းတွင် ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်သွားသော်လည်း နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် လီဗာပူး အသင်းက အုပ်စုတက် ကစားခွင့်ရသွားပြီဖြစ်သည်။

လီဗာပူးအသင်းမှ တိုက်စစ်မှူး ပီတာခရော့ ခေါင်းတိုက်ကာ ဂိုး သွင်းအပြီး အောင်ပွဲခံနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဟိုင်ဖာဂိုးသမားသည် လီဗာပူး ရှေ့တန်းတိုက်စစ်မှူးများ သွင်းလိုက် သည့် ဂိုးအများအပြားကို အကာ အကွယ်ပေးနိုင်ခဲ့သည်။ ပထမပိုင်း ပွဲကစားချိန် ၂၁ မိနစ်အရောက်တွင် ဟိုင်ဖာအသင်းက ပွဲကို ဦးဆောင် မည့် အခြေအနေသို့ပင် ရောက်ခဲ့ သည်။ ယာနစ်ဗ်ကာတန်က ဖရီးကစ် ကန်သွင်းလိုက်ပြီးနောက် အာလင် မာဆူဒီက လစ်ဗာပူး ဂိုးပေါက်အတွင်း သို့ ခေါင်းတိုက်သွင်းယူခဲ့သည်မှာ ဂိုးရလုနီးနီးဖြစ်ခဲ့ရသည်။

ပွဲကစားချိန် ၅၄ မိနစ်အရောက် တွင် လီဗာပူးအသင်းမှ ဂျာမိန်းပင်းနန့် ကန်တင်ပေးလိုက်သည့် ဘောလုံးကို ဟိုင်ဖာအသင်း နောက်ခံလူများ အကြားမှ အင်္ဂလန်တိုက်စစ်မှူး ပီတာ ခရော့ချ်က အနီးကပ် ခေါင်းတိုက် သွင်းလိုက်ရာ လီဗာပူးအသင်း ဂိုး စတင်ရရှိသွားသည်။

ဟိုင်ဖာအသင်း၏ ချေပဂိုးကို ပွဲကစားချိန် ၆၃ မိနစ်အရောက်တွင် သွင်းနိုင်ခဲ့သည်။ ဘရာဇီးဘောလုံး သမား ဇာတီရာအင်ဒါဆင် ကန်သွင်း လိုက်သောဘောလုံးကို လီဗာပူးဂိုး သမား ရီနာ မဖမ်းနိုင်ဘဲ ပုတ်ထုတ် ခဲ့ရသည်။ ထိုဘောလုံးကို ရှေ့တန်းလူ ရောဘတ်တိုကိုလာတီက ကန်သွင်း လိုက်ရာ ဂိုးရရှိသွားသည်။ ကျန်ပွဲစဉ် များတွင် မီလန်အသင်း၊ ဟမ်းဘာ့ဂ် အသင်းနှင့် ဘင်ဖီကာအသင်းများသည် ပြိုင်ဘက်များကို အသီးသီး ကျော်ဖြတ် ပြီး အုပ်စုပွဲများ ကစားခွင့်ရသွားပြီ ဖြစ်သည်။ အေစီမီလန်အသင်းက ရက်စတားဘဲဂရိတ်အသင်းကို အိမ်ရှင် ပရိသတ် ၅၅၀၀၀ ရှေ့တွင် နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ဟမ်ဘာ့ဂ် အသင်းကလည်း အိုဆာ ဆူနာအသင်းကို တစ်ဂိုးစီ သရေဖြင့် ကစားကာ အုပ်စုပွဲ ကစားခွင့်ကို ရရှိလိုက်သည်။ ဘင်ဖီကာအသင်း သည်လည်း ဩစတြီးယား ဗီယင်နာ အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်ကစား ပြီး နှစ်ပွဲပေါင်းရလဒ် လေးဂိုး-တစ်ဂိုး ဖြင့် အသီးသီး အနိုင်ယူခဲ့သည်။

အင်တာနက်။

ရော်ဂျာဖလား တင်းနစ်ဗိုလ်လုပွဲတွင် မာတီနာဟင်းဂစ် ရှုံးနိမ့်၊ ဆာဗီးယားသူ အီဗန်ဒိုဗစ်ဗိုလ်စွဲ

မွန်ထရီရယ် (ကနေဒါ) ဩဂုတ် ၂၃

ဆယ်ကျော်သက်ရွယ် ဆာဗီးယား တင်းနစ်မယ် အင်နာအီဗန်ဒိုဗစ်သည် ကမ္ဘာ့အကောင်းဆုံး အဆင့် ၁၀ အတွင်းရှိသူ ဆွစ်တင်းနစ်မယ် မာတီ နာဟင်းဂစ်ကို ကနေဒါနိုင်ငံ ရော်ဂျာ ဖလားတင်းနစ် ဗိုလ်လုပွဲတွင် ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွား သည်။

ထိုဗိုလ်လုပွဲကို ပြီးခဲ့သော နှစ်ရက် ကတည်းက ကစားရန်ဖြစ်သော် လည်း မိုးသည်းထန်စွာရွာနေသည့် အတွက် ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရခြင်း ဖြစ်ပြီး ဩဂုတ် ၂၂ ရက်တွင် ကစား ခဲ့ရခြင်းဖြစ်သည်။ တင်းနစ်ပွဲလာရောက် အားပေးသူ ပရိသတ် ၈၀၀၀ ခန့် အနက် အများစုမှာ မာတီနာဟင်း ဂစ်ကို အားပေးနေသည့်ကြားမှ အီဗန် ဒိုဗစ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘဲဂရိတ်မြို့ဖွား အသက် (၁၈) နှစ်အရွယ် အီဗန်ဒိုဗစ်၏ ပြင်းထန် လှသည့် ရိုက်ချက်များကို အသက် (၂၅) နှစ်အရွယ် ဆွစ်အားကစားမယ် မာတီနာဟင်းဂစ်တစ်ယောက် ကြံ့ကြံ့ မခံနိုင်ဘဲ အလူးအလဲကစားကာ အရှုံး ပေးလိုက်ရသည်။



အင်နာအီဗန်ဒိုဗစ် ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ကစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆုကြေးငွေ

ယခုပွဲတွင် နိုင်လိုက်သည့်အတွက် အီဗန်ဒိုဗစ်သည် ဆုကြေးငွေ အမေ ရိကန်ဒေါ်လာ ၁၉၆၉၀၀ ကိုလက်ဝယ် ပိုင်ပိုင်ရရှိသွားပြီး မာတီနာဟင်းဂစ်မှာ ဆုကြေး အမေရိကန်ဒေါ်လာ ၉၉၈၅၀ ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မာတီနာဟင်းဂစ်သည် ကမ္ဘာ့ အဆင့် ခုနစ်အဖြစ် သတ်မှတ်ခံထား ရကာ ၁၉၉၀ ပြည့်နှစ်တစ်လျှောက်လုံး တင်းနစ်လောကတွင် နာမည်ကြီးခဲ့သူ အားကစားမယ်ဖြစ်သည်။ သူမသည် လွန်ခဲ့သော သုံးနှစ်က ခြေထောက် နှင့် ခြေမျက်စိ ဒဏ်ရာရခဲ့သဖြင့် တင်းနစ်ကွင်းနှင့် ဝေးနေခဲ့ရာမှ ယခု ပြန်လည် ကစားခြင်းဖြစ်သည်။

အင်တာနက်။

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ မွန်ပြည်နယ်အတွင်းရှိ ကျောင်းများသို့ စာသင်ခုံနှင့် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၃ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မော်လမြိုင် ပညာရေးကောလိပ်တာဝန်ခံ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းတင့်သို့ အလှူငွေကျပ်ငါးသိန်း ပေးအပ်စဉ်။ (၂၅၇)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေနှင့် အထွေထွေရန်ပုံငွေအတွက် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင် (Asia Brave Trading Ltd.)၊ သမီး သဲရတနာထွေး၊ စုရတနာထွေး မိသားစုတို့က ငွေကျပ် ၂၀၀၀၀၀ ကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါးဆွမ်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဋ္ဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲကို ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၅ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၏ ဥပနိဿယအတိုင်း ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘက တရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်သည်။

အဆိုပါသတ္တဋ္ဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအဓိဋ္ဌာန်ပွဲကို နေ့စဉ် ညနေ ၅နာရီတွင် လည်းကောင်း၊ ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲကို နေ့စဉ်နံနက် ၆နာရီခွဲတွင်လည်းကောင်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းလိုသော အလှူရှင်များသည် လယ်တီဝိပဿနာကျောင်းတိုက် ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၀၆)

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ကျေးဇူးရှင် နှစ်ဖက်မိဘများနှင့် ဒေါ်ခင်ခင်စိန်တို့အား ရည်စူး၍ ပုဇွန်တောင်မြို့နယ် ဦးရွှေဂွန်း(လမ်းတို)နေ ဖခင်ဦးမောင်မောင်၊ သား ကိုမင်းသူ၊ သမီး မစန္ဒာမောင်မောင် မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်းကို လှူဒါန်းရာ အကျိုးဆောင် ဒေါ်အေးအေးမြင့် လက်ခံ၍ အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး) ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လေဆိပ်လမ်းသွယ် (၁၀)မိုင်နေ ကွယ်လွန်သူ အငြိမ်းစား တိုင်းပညာဝန် ဦးကဲအား ရည်စူး၍ ဇနီး ဒေါ်ခင်ကြည်နှင့် သားသမီး မြေးမြစ်တစ်စုက ငွေကျပ် ၁၀၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြှော်လင့်ခြင်းများစွာနှင့် လှည့်စားဇာတ်ကား မြို့လယ်ရုပ်ရှင်ရုံများ၌ ဆက်လက်ပြသ

ရန်ကုန် ဩဂုတ် ၂၃

ယခုလာမည့် သောကြာနေ့တွင် မြန်မာဇာတ်ကားသစ် ရုံမဝင်ဘဲ ပြသဆဲ မြန်မာဇာတ်ကားများ ဖြစ်သည့် မြှော်လင့်ခြင်းများစွာနှင့် လှည့်စား ဇာတ်ကားနှစ်ကားသာ မြို့လယ်ရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

မြှော်လင့်ခြင်းများစွာ

ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် **မြှော်လင့်ခြင်းများစွာ** ဇာတ်ကားမှာ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသော AIDS ရောဂါ၏ ဆိုးကျိုးများကို လူငယ်များသိရှိဆင်ခြင်နိုင်ကြစေရန် အဓိကဦးတည် ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်သည်။

ဤဇာတ်ကားတွင် သရုပ်ဆောင်အင်အားများပြားစွာဖြင့် ရိုက်ကူးထားပြီး ဒေါက်တာမြင့်မိုအဖြစ် ရန်အောင်၊ ဒေါက်တာမြင့်မို၏ သား ရဲမြင့်မိုအဖြစ် ဖိုးကျော်၊ သမီး ဖြူမြင့်မိုအဖြစ် စိုးမြတ်နန္ဒာ၊ ဦးအောင်နိုင်အဖြစ် ရဲအောင်၊ ဦးအောင်နိုင်၏ ဇနီး ဒေါ်တင်မျိုးခန့်အဖြစ် စိုးမိုးကြည်၊ ဦးအောင်နိုင်၏ သားနှင့် ဖြူမြင့်မို၏ချစ်သူ စစ်နိုင်အဖြစ် နိုင်းနိုင်း၊ ဂီတစာဆိုတင်ဆွေငြိမ်းအဖြစ် ဇင်ဝိုင်း၊ တင်ဆွေငြိမ်း၏ ဇနီး ဒေါ်ယဉ်ညိုအဖြစ် မေသဥ္စာဦး၊ တင်ဆွေငြိမ်း၏ သားနှင့် ပွင့်ခက်ဝေ၏ချစ်သူ ခေတ်မင်းညိုအဖြစ် မင်းမော်ကွန်း၊ ပွင့်ခက်ဝေအဖြစ် ပန်းဖြူ၊ ပွင့်ခက်ဝေ၏ ဖခင် ဦးဘခက်အဖြစ် ထွန်းထွန်းဝင်း၊ ထူးအောင်အဖြစ် မင်းခ၊ ဒေါက်တာကောင်းဇော်အဖြစ် ဟက်ကက်တို့က သရုပ်ဆောင်ထားကြပြီး ဒွေးနှင့်နဝရတ်တို့က အထူးဧည့်သည်သရုပ်ဆောင်အဖြစ် အားဖြည့်ထားသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဒုတိယပတ် ဆက်လက်ပြနေသည်။

ရွှေ့ဆောင်ရုံတွင် ပြသဆဲ မြန်မာရုပ်ရှင်ကားဖြစ်သည့် လှည့်စားဟာသဇာတ်ကား ဆက်လက်ပြသနေသည်။

ပြသဆဲ လှည့်စားဇာတ်ကားမှ ဒွေးနှင့် ကျော်ရဲအောင်။

ရန်ပုံငွေပွဲ

ဩဂုတ်၂၇ရက် နံနက် ၈နာရီတွင် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ရန်ပုံငွေအဖြစ် ဂျက်ကီချန်းပါဝင်သည့် နိုင်ငံခြားရုပ်ရှင် The Myth ဇာတ်ကား ပြသမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် နာမည်ကြီး သရုပ်ဆောင် ဟာရစ်ဆင်ဖို့ပါဝင်သည့် Fire Wall ရာဇဝတ်မှုနှိမ်နင်းရေးဇာတ်ကြမ်းကား ဆက်လက်ပြသနေပြီး ရွှေဂုန်ရုံ (အပေါ်ထပ်တွင်) အက်ရှင်သရုပ်ဆောင် ဗန်ဒိန်းပါဝင်သည့် Universal Soldier ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ရွှေဂုန်ရုံမြေညီထပ်တွင် နာမည်ကြီး အိန္ဒိယသရုပ်ဆောင် ဆူနီရှက်သီးပါဝင်သည့် ရာဇဝတ်မှု နှိမ်နင်းရေးလျှို့ဝှက်သည်းဖိုဇာတ်ကား BAAZ နှင့် မြို့မရုံတွင် အချစ်အကြမ်းမင်းသား အဂျေးဒေ့ဗ်ဂန်၊ မင်းသမီးချောပရီးသီးဇင်တားနှင့် အကမင်းသမီးချောမာဒူရီးဒီးစစ်တို့ ပါဝင်သည့် ကားခိုးဂိုဏ်းဝင်ချင်း တိုက်ခိုက်ခြင်းကို ဇာတ်လမ်းဖွဲ့ထားသော Yeh Raaste Hain Pyarke ဇာတ်ကားများ ပြသမည်ဖြစ်သည်။

(ကြေးမုံ)

မဲခေါင်ဒေသခြောက်နိုင်ငံ အားကစားပြိုင်ပွဲ အသက်(၂၀)အောက်မြန်မာဘောလုံးအသင်းပြိုင်မည်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၂ရက်မှ ၁၇ရက်အထိ ထိုင်းနိုင်ငံတွင်ကျင်းပမည့် မဲခေါင်ဒေသခြောက်နိုင်ငံ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အသက်(၂၀)အောက် မြန်မာလူငယ်ဘောလုံးအသင်းအား ပဏာမ ကစားသမား ၂၈ဦးဖြင့် ရွေးချယ်ဖွဲ့စည်းလိုက်သည်။

အဆိုပါ မြန်မာလူငယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးဝင်း(စွမ်းအင်) နှင့် လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုး(စီးပွားကူးသန်း)တို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး ဩဂုတ် ၂၅ရက်မှစ၍ လေ့ကျင့်မှုများ စတင်ပြုလုပ်မည်ဖြစ်သည်။

ရွေးချယ်ထားသော ပဏာမကစားသမား ၂၈ ဦးမှာ ဂိုး-သီဟစည်သူ (စီးပွားကူးသန်း)၊ ကျော်ဇင်ထက်(ဆောက်လုပ်ရေး)၊ ဇော်မိုးထက်(စီးပွားကူးသန်း)၊ နောက်တန်း-ထူးကျော်(ဘဏ္ဍာ/အခွန်)၊ အေးဆန်း(ကမ္ဘောဇ)၊ ကျော်ဇေယျာဝင်း (ပို့ဆောင်ရေး)၊ သီဟ(လယ်/ဆည်)၊ ဉာဏ်လင်းထွန်း(စွမ်းအင်)၊ ဘိုသန်း(ပို့ဆောင်ရေး)၊ နေလင်းထိုက်(မြို့တော်စည်ပင်)၊ မိုးဝင်း(စီးပွားကူးသန်း)၊ ဇော်နိုင်ထွန်း (မြို့တော်စည်ပင်)၊ အလယ်တန်း-ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ ရာဇာဝင်းသိန်း (စီးပွားကူးသန်း)၊ စိုင်းသန်းအောင်(စွမ်းအင်)၊ အောင်မိုး(မြို့တော်စည်ပင်)၊ စောအောင်မျိုး(ပို့ဆောင်ရေး)၊ နေဝင်း(ကမ္ဘောဇ)၊ မျိုးဇော်ဦး(စွမ်းအင်)၊ အေးမင်းထွန်း (ဘဏ္ဍာ/အခွန်)၊ အောင်မျိုးသန်း(စီးပွားကူးသန်း)၊ ရှေ့တန်း-မင်းမင်းထွန်း(ဆောက်လုပ်ရေး)၊ ကျော်သီဟ(ကမ္ဘောဇ)၊ ပိုင်စိုး(ဘဏ္ဍာ/အခွန်)၊ ရဲဝေယံဦး(ကာကွယ်ရေး)၊ ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)၊ စည်သူသန်း (ဆောက်လုပ်ရေး)နှင့် ပြည့်ဖြိုးဦး(ပို့ဆောင်ရေး)တို့ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၇-၈-၂၀၀၆) ရက်နေ့

၂၀၀၆ ခုနှစ် စက်တင်ဘာလအတွက်

(၁၀-၉-၂၀၀၆) ရက်နေ့

နှင့်

(၂၄-၉-၂၀၀၆) ရက်နေ့

စစ်တောင်းမြစ်ရေ တောင်ငူနှင့် မဒေါက်တွင် စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဩဂုတ် ၂၃

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်များအရ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၆၄၀ စင်တီမီတာနှင့် ၁၁၁၅ စင်တီမီတာသို့ ရောက်ရှိနေကြသည်။

အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ နှင့် စင်တီမီတာ ၁၀၇၀ အထက်တွင် အသီးသီးဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ယူကရိန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၆ခုနှစ် ဩဂုတ် ၂၄ရက်တွင်ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ယူကရိန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာ၊ ယာနုကိုဗစ်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စည်သာရေကူ ရေလှောင်တမံ စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

စည်သာရေကူရေလှောင်တမံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး တစ်နှစ်ပတ်လုံး ဆည်ရေပေးနိုင်ရေးမှာကြား

နေပြည်တော် ဩဂုတ် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၈ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ဒေသအဖွဲ့အစည်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သုတေသနခြံ၌စပါးမျိုးများ၏ သက်တမ်း၊ ကောက်ကွက်၊ မြေဩဇာနှုန်းထားနှင့် စိုက်ပျိုးချိန်စမ်းသပ်ကွက်များနှင့် သုတေသနပြုမှုများ၊ လေ့လာတွေ့ရှိချက်များကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးသုတေသနပညာရှင်များက ပြသရှင်းလင်းကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်ခရိုင် စည်ပင်ကျေးရွာအနီး၌ တည်ဆောက်နေသည့် စည်သာရေကူရေလှောင်တမံ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨**

ယနေ့ မိုးလေဝသ

၂၄-၈-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မျက်ကပ်မှန် တပ်ဆင်နေ သည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မျက်ကြည်လွှာမှိုစွဲရောဂါ မရစေရန် မျက်ကပ်မှန်သန့်ရှင်းရေးကို အထူးဂရုပြုသင့်

ပေကျင်း ဩဂုတ် ၂၃

မျက်ကပ်မှန်တပ်ဆင်သူအချို့၏ မျက်ကြည်လွှာတွင် မှိုစွဲရောဂါ ကူးစက်ခံရသည့်ကိစ္စသည် မျက်ကပ်မှန်ကို သန့်စင်ရသော ဆေးရည်ကြောင့် ဟုသံသယရှိသဖြင့် မျက်ကပ်မှန်သန့်စင်ဆေးရည်များကို ပြန်လည် သိမ်းဆည်းရသည့်ကိစ္စ ပေါ်ပေါက်ခဲ့သည်။

ယင်းသို့ဖြစ်ရခြင်းသည် မျက်ကပ်မှန်သန့်စင်ဆေးရည်၏ ချို့ယွင်းချက်ကြောင့်မဟုတ်ကြောင်း၊ ပြင်ပမှ တစ်နည်းနည်းဖြင့် ဝင်ရောက်လာသော မသန့်ရှင်းမှုများကြောင့် ဖြစ်ရကြောင်း သုတေသနပြုလေ့လာရာမှ တွေ့ရှိခဲ့သည်ဆိုသောအချက်ကို အမေရိကန်ဆေးပညာအသင်း ဂျာနယ်က ဖော်ပြထားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ◆**

NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ လပွတ္တာမြို့နယ် NLD ပါတီဝင် ၂၈ဦး ထပ်မံနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၃

ဧရာဝတီတိုင်းလပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အမှတ်(၄)ရပ်ကွက်မှ ဦးနေဝင်း၊ ဦးသိန်းအေး၊ ဦးအဒူလာ၊ ဦးကြည်သိန်း၊ ဦးအောင်ဝင်းနှင့် ဦးဝင်းမြင့်၊ အမှတ်(၂)ရပ်ကွက်မှ ဒေါ်ပြုံးကြည်၊ ဦးခင်ဇော်၊ ဒေါ်ခင်စန်း၊ ဦးတင်လှိုင်၊ ဦးအုန်းလှိုင်၊ ဦးလှတင်၊ ဒေါ်စန်းပြုံး၊ ဦးခင်လှ၊ ဦးကုလား၊ ဦးသန်းမြင့်၊ ဒေါ်အမာတင်၊ ဦးထွန်းမြင့်နှင့် ဦးကြည်ဝင်း၊ အမှတ်(၉)ရပ်ကွက်မှ ဦးလှဌေး၊ ဦးခင်မောင်ဦး၊ ဦးအေးမောင်၊ ဒေါ်တင်ကြည်၊ ဒေါ်ခင်အေးနှင့် ဦးမြင့်ဌေး၊ အမှတ်(၆)ရပ်ကွက်မှ ဦးအေး၊ ဦးတင်သန်း၊ ဦးသိန်းဟန်တို့သည် ဇူလိုင် ၂၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုးဒုက္ခရောက်စေမည့်လုပ်ရပ်များကို ရှေးရှုလုပ်ဆောင်နေကြောင်း၊ ထို့ကြောင့် NLD ပါတီအပေါ်စိတ်ပျက်လာပြီး NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်ယုံကြည်မှုမရှိတော့၍ ၎င်းတို့၏ သဘောဆန္ဒအလျောက် NLDပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)